# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၆ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ညှိ့ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများနှင့် စီးပွားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားလာမှုကဏ္ဍနှင့် အခြားကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့် *စာမျက်နှာ ၄ ကော်လံ ၁* ❍



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ဆေးရုံဖြေစာစစ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် မတ် ၅

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့၏ ညှိနှိုင်းထားချက်အရ ၂၀၂၆ ခုနှစ် မတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင် စာမေးပွဲကာလအတွင်း ဆေးရုံတက်ရောက်၍ဆေးဝါးကုသမှုခံယူနေကြသော ကျောင်းသား ကျောင်းသူများ ပညာရေးနစ်နာမှုမရှိစေရန် ရည်ရွယ်၍ ဆေးရုံဖြေစာစစ်ဌာနများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်)၊ အထူးကုဆေးရုံကြီး (ဝေဘာဂီ)၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)တို့ ၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဇတ်စရာ**


ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင် အသုံးပြုဆောင်ရွက်မည့် အစီအစဉ်ကို ပြည်သူသို့အသိပေးကြေညာခြင်း — ပြည်တွင်းသတင်း စာ ၅

စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီရောင်းချမှု အခြေအနေများကို စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးလျက်ရှိ — ပြည်တွင်းသတင်း စာ ၈

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံနှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံတို့အကြား ရှည်လျားခိုင်မာသည့် သံတမန်ဆက်ဆံရေးရှိမှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ခိုင်မာလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရန်ကုန်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed M Al Howishan နှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စွမ်းအင်နှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် အလားအလာရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရေး၊ အရှေ့အလယ်ပိုင်းဒေသတွင်း လက်ရှိအခြေအနေနှင့် နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် **(ယာပုံ)** ပြည်ထောင်စုဝန်ကြီးက နီကာရာဂွါသံအမတ်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နီကာရာဂွါ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းပြောကြားပြီး မြန်မာ – နီကာရာဂွါ နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေး မြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံမြို့တော်များတွင် သံရုံးများအပြန်အလှန်ဖွင့်လှစ်နိုင်ရေးအပါအဝင် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အလားအလာရှိသော ခရီးသွား၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ကျန်တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်များရှိ ဆေးရုံကြီးများတွင် ဆေးရုံတက်ရောက်ကုသမှုခံယူသော စာမေးပွဲဝင်ရောက် ဖြေဆိုလိုသည့် ကျောင်းသား ကျောင်းသူ (လူနာ)များအတွက် သက်ဆိုင်ရာ ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က ညှိနှိုင်းလာပါက အဆိုပါဆေးရုံကြီးများတွင် ဆေးရုံဖြေစာစစ်ဌာန ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား လက်ခံတွေ့ဆုံစဉ်။

❍ *ရှေ့ဖုံးမှ*

အခြေအနေများ၊ နီကာရာဂွာနိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို နယ်ပယ်ပေါင်းစုံတွင် မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်ခဲ့မှုနှင့် ရွေးကောက်ပွဲကျင်းပချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ နိုင်ငံသံအမတ်ကြီးအပါအဝင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာခဲ့မှုအခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆန္ဒမဲပေးခဲ့ကြပြီး ယခုအချိန်အထိ အဆိုပါရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြီးမားသည့်ကန့်ကွက်မှုများ မရှိခြင်းကြောင့် အောင်မြင်သည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ မကြာမီကာလအတွင်း လွှတ်တော်ကျင်းပဆောင်ရွက်သွားမည့် အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် နီကာရာဂွာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသော အထိမ်းအမှတ်ဓာတ်ပုံပြပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများက မဲခေါင်-လန်ချန်း (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက်တက်ရောက်လာကြသောပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် စီမံကိန်းများဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၂၆ ခုနှစ်တွင် ဆယ်စုနှစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိပြီဖြစ်သည့်အတွက် ယခုနှစ်သည် မိမိတို့ဒေသအတွက်အရေးပါသည့် နှစ်တစ်နှစ်



ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အခြေခံမူများနှင့် ငြိမ်းချမ်း၍ သာယာဝပြောပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော အပြန်အလှန်မျှဝေသည့် အနာဂတ် အသိုက်အဝန်းတစ်ခု တည်ဆောက်ရေးမျှော်မှန်းချက်ကို ထပ်လောင်းအတည်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အထိ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်ကာလအတွင်း စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးတို့ကို အိမ်ရှင်အဖြစ်လည်းကောင်း၊ (၆)ကြိမ်မြောက်နှင့် (၉)ကြိမ်မြောက် မဲခေါင်-လန်ချန်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို ပူးတွဲဥက္ကဋ္ဌ တရုတ်နိုင်ငံနှင့် ပူးပေါင်း၍လည်းကောင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အပြင် နေပြည်တော် ကြေညာချက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစီမံချက် (၂၀၂၃-၂၀၂၇) တို့ကို အတည်ပြုနိုင်ခဲ့ပြီး မဲခေါင်-လန်ချန်း ဆန်းသစ်တီထွင်မှုစင်္ကြံ (MLC innovation Corridor) ဆိုင်ရာ အစည်းအဝေးယန္တရား တည်ထောင်ရန်အတွက်လည်း အဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၆ သန်းခန့် ရရှိခဲ့ပြီး စီမံကိန်းပေါင်း ၁၀၀ ကျော်ကို အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများ အကောင်အထည်ဖော်မှုမှတစ်ဆင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းပေါင်းစည်းရေး အပါအဝင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်ရာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အကူအညီများ ဆက်လက်ပေးအပ်နေသည့် တရုတ်နိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း၊ ပြီးခဲ့သည့် ဆယ်စုနှစ် တစ်ခုအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များနှင့် တိုးတက်မှုများ ရရှိလျက်ရှိသော်လည်း လက်ရှိကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းပြောင်းလဲမှုများ၊ စီးပွားရေးမတည်ငြိမ်မှုများ၊ ရာသီဥတုပြောင်းလဲမှုစသည့် စိန်ခေါ်မှုများကို ကြုံတွေ့နေကြရာ အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ဒေသတွင်း စဉ်ဆက်မပြတ် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားက အထိမ်းအမှတ်မိန့်ခွန်း ပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ပြသပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့က သာယာငြိမ့်ညောင်းတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တရုတ်သံအမတ်ကြီး မစ္စမာကျားတို့က မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အတူ အနုပညာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ်တွင် ဒေသတွင်း ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ ခြောက်နိုင်ငံတို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၅**

လွှတ်တော် အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နှင့် လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို အပိုင်း ၃ ပိုင်းဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုကိုယ်စားပြုရွေးချယ်တင်မြှောက်ခြင်း ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပရန် လွှတ်တော်အလိုက် ရက်သတ်မှတ်ခေါ်ယူပေးခဲ့ပြီး ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များကို လည်း သက်ဆိုင်ရာလွှတ်တော်များသို့ ရောက်ရှိ သတင်းပို့ရမည့်ရက်များကို သတ်မှတ်ထုတ်ပြန်ကြေညာပြီး ဖြစ်သည့်အတွက် မကြာမီ ရောက်ရှိကြတော့မည် ဖြစ်ကြောင်း။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ ရောက်ရှိလာချိန်တွင် သတ်မှတ်နေရာများသို့ အသွား / အပြန် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို သက်ဆိုင်ရာရုံး၊ ဌာနအဖွဲ့အစည်းများနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားရှိရန်၊ တည်းခိုနေထိုင်မည့်အဆောင်များ ရေ၊ မီး၊ မိလ္လာ၊ အခန်းတွင်းပရိဘောဂနှင့် အသုံးအဆောင် ပစ္စည်းများကို သတ်မှတ်ရက်အမီ အဆင်သင့် ပြင်ဆင်ထားရှိရန်နှင့် လွှတ်တော်များအလိုက် လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာလွှတ်တော်ရုံးများက ရှင်းလင်းတင်ပြနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း။

လွှတ်တော်ဝင်းလုံခြုံရေးနှင့် စပ်လျဉ်း၍ လုံခြုံရေးအရ ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်သွားရန်၊ တတိယအကြိမ် လွှတ်တော်အသီးသီး၏ ပထမပုံမှန် အစည်းအဝေးတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ရုံးအသီးသီးနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးရန်၊ လွှတ်တော်အစည်းအဝေးများတွင် အသုံးပြုမည့် ရုပ်/သံရိုက်ကူးရေးဆိုင်ရာ စနစ်များနှင့် စက်ပိုင်းဆိုင်ရာစနစ်များ ကောင်းမွန်မှုရှိစေရန် အမြဲစမ်းသပ်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ကြရန်၊ လွှတ်တော်အဆောက်အအုံ ပြင်ဆင်သည့် လုပ်ငန်းများကိုလည်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမပုံမှန် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လိုအပ်သည်များကို ကြိုတင်ဖြည့်ဆည်း ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း။

မကြာမီကျင်းပမည့် တတိယအကြိမ် လွှတ်တော်အစည်းအဝေးများတွင် သတင်းမီဒီယာများအနေဖြင့် လွှတ်တော်တွင်း သတင်းရယူရေးနှင့် စပ်လျဉ်းသည့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးစီးတာဝန်ယူ၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းထောက်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ရန်နှင့် Media Corner များ စနစ်တကျထားရှိရန်လိုအပ်ကြောင်းနှင့် တတိယအကြိမ် လွှတ်တော် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများအလိုက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ အချိန်မီတက်ရောက်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် လွှတ်တော်လုပ်ငန်းစဉ်များ စနစ်တကျရှိစေရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများအလိုက် တာဝန်ရှိသူများက လွှတ်တော်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များအလိုက် လွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေး အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှတ်တော်ဝင်းအတွင်းရှိပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်၍ လွှတ်တော်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ e – Voting System မဲပေးစက်များ ပြင်ဆင်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ တည်းခိုနေထိုင်မည့် စည်ပင်ဧည့်ရိပ်သာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) စတင်အသုံးပြုဆောင်ရွက်မည့် အစီအစဉ်ကို ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအချို့တွင် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များ အပါအဝင် မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးစက်ပစ္စည်း (ipad, Tablet, Notebook စသည်) များ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity – IMEI Code) ကို ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register– CEIR) ၌ မှတ်ပုံတင်စေ၍ နိုင်ငံအတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတွင်လည်း မိုဘိုင်းလက်ကိုင်ဖုန်း (Handset) သုံးစွဲသူပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့် ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန် ၂၀၂၆ ခုနှစ်၊ မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန်ပေးဆောင်ရန် မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။ အဆိုပါ ခွင့်ပြုစာရင်းတွင်ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT ၊ ATOM ၊ U9 ၊ Mytel) များ၏ SIM Card များကို မိုဘိုင်းလက်ကိုင်ဖုန်း (Handset) အတွင်း ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များနှင့် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများကို ပြည်ပမှ တင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်လျှောက်ထား၍ တရားဝင်တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကိုပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည် ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ခွင့်ပြုစာရင်းတွင်မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း (၃၀) အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့် ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်။

၆။ အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ မိုဘိုင်း လက်ကိုင်ဖုန်း (Handset) ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity – IMEI) ကို ထည့်သွင်းပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ကျသင့်အခွန်နှင့် ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၇။ နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန် ခက်ခဲသောဒေသများရှိ ပြည်သူများအတွက် အဆိုပါဒေသရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့် ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm ၌ ကြည့်ရှု၍ဖြစ်စေ၊ CEIR Call Center နံပါတ်များဖြစ်သည့် ၁၅၇၇ နှင့် ၁၇၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ဖြစ်စေ ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းဦးစီးကော်မတီ**

# တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုနဲ့ စမတ်ဖုန်း AI

မောင်မောင်လင်း

**ဒီနေ့ AI (ဉာဏ်ရည်တုနည်းပညာ) ကို ကျန်းမာရေးနဲ့ ဆေးသိပ္ပံနယ်ပယ်မှာ အသုံးချနေကြတာကိုတော့ အားလုံးသိရှိကြမှာပါ။ ဒါပေမယ့် ဆေးပညာရှင်မဟုတ်တဲ့ ကျွန်တော်တို့လို သာမန်လူသားတွေအနေနဲ့ မိမိရဲ့ တစ်ကိုယ်ရေကျန်းမာရေးကို စောင့်ရှောက်ဖို့ လက်ထဲမှာရှိနေတဲ့ စမတ်ဖုန်း AI ကို အကျိုးရှိရှိ အသုံးချနိုင်တယ်ဆိုတာကို မျှဝေပေးလိုပါတယ်။**

- **ဆရာဝန်တစ်ဦးရဲ့ KSA ထဲကို AI ကို ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းက ဆရာဝန်ကို "သိပြီးသား ဆရာဝန်"ကနေ "အဆက်မပြတ် တိုးတက်နေတဲ့ဆရာဝန်"အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ AI ရဲ့ မြန်ဆန်တဲ့ ဦးနှောက်နဲ့ လူသားရဲ့ စစ်မှန်တဲ့နှလုံးသားပေါင်းစပ်မှုသာ အကောင်းဆုံးသော ကုသမှုကို ရရှိမှာဖြစ်**
- **၂၀၂၆ ခုနှစ်ရဲ့ နည်းပညာရေစီးကြောင်းထဲမှာ စမတ်ဖုန်း AI ဆိုတာ ၂၄ နာရီပတ်လုံး အားကိုးလို့ရတဲ့ ကျန်းမာရေး လက်ထောက်တစ်ဦးဖြစ်လာပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ ဆေးဆိုင်ကပေးတဲ့ စပ်ဆေးတွေနဲ့ ကိုယ့်ကျန်းမာရေးကို စမ်းသပ်မယ့်အစား AI ကို အသုံးပြုပြီး မှန်ကန်တဲ့ ကျန်းမာရေးဗဟုသုတတွေကို ရှာဖွေတတ်ဖို့ လိုအပ်ပါတယ်။ ဒါပေမယ့် သတိပြုရမှာက AI ဟာ လူသားဆရာဝန်ကို အစားထိုးဖို့မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် ဖြည့်ဆည်းပေးဖို့သာဖြစ်**

AI ကို ပုံမှန်ရှာဖွေရေးအင်ဂျင်လို အသုံးပြုလို့ရတာကြောင့် ကျန်းမာရေးနဲ့ဆိုင်တဲ့ အသိပညာဗဟုသုတတွေကို မေးမြန်းဖူးကြမှာပါ။ အဲဒီအချိန်မျိုးမှာ ကိုယ့်ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ မေးခွန်းတွေကိုလည်း AI ဆီမှာ မေးမြန်းနိုင်ပါတယ်။ သေချာတာကတော့ AI ဟာ ဆရာဝန်မဟုတ်တဲ့အတွက် ကုသမှု မပြုလုပ်နိုင်သလို ဆရာဝန်လို တိကျတဲ့ အကြံပြုချက်လည်း မပေးနိုင်ပါ။ သူက အသိပညာဗဟုသုတမျှဝေသူ၊ တစ်နည်းအားဖြင့် ကျန်းမာရေး အသိပညာပေးလက်ထောက်အနေနဲ့သာ လုပ်ဆောင်နိုင်ပါတယ်။

**စမတ်ဖုန်း AI နဲ့ Follow-up လုပ်တဲ့ အနုပညာ**

ဆရာဝန်နဲ့ တိုင်ပင်ကုသမှုကို ဦးစွာခံယူပြီးနောက် ကိုယ့်ရောဂါအခြေအနေ တိုးတက်မှုအပေါ် ပြန်လည်ဆွေးနွေးဖို့ဆိုတာ အခက်အခဲများစွာရှိပါတယ်။ အချိန်ကို တိကျစွာ ကြိုတင်မခန့်မှန်းနိုင်တာ၊ ရက်ချိန်းယူရတာ၊ အရေးပေါ်အခြေအနေဖြစ်ပေါ်တာ စတဲ့ကန့်သတ်ချက်တွေကြောင့် Follow-up လုပ်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ ဒီလို အချိန်မှာ လက်ထဲမှာရှိတဲ့ စမတ်ဖုန်း AI ကို ကြားခံအသုံးချပြီး Follow-up လုပ်နိုင်တဲ့နည်းလမ်းကို မျှဝေပေးလိုပါတယ်–

**(က) စာနဲ့ မေးမြန်းခြင်း**

(၁) ကိုယ့်ရောဂါအခြေအနေ၊ ဆရာဝန်ပေးထားတဲ့ ဆေးဝါး၊ ကုသမှတ်တမ်းတွေကို စာနဲ့ရေးသားပြီး AI ဆီမှာ မေးမြန်းနိုင်ပါတယ်။

(၂) PDF ကုသမှတ်တမ်း၊ ဆေးစစ်ချက်ရလဒ်တွေကို Upload လုပ်နိုင်သလို လိုအပ်ရင် ကိုယ့်ဘာသာ ဓာတ်ပုံရိုက်ပြီး ပေးပို့နိုင်ပါတယ်။ ဥပမာအားဖြင့် **"ဒီဆေးစစ်ချက်က ဘာကိုဆိုလိုတာလဲဆိုတာ ကလေးတစ်ယောက် နားလည်အောင် ရှင်းပြပေးပါ"၊ "ဒီရောဂါရှိသူအတွက် ဘယ်လိုအစားအစာတွေ ရှောင်သင့်သလဲ၊ ဘယ်လိုအားကစားမျိုး လုပ်သင့်သလဲ"** ဆိုတဲ့ တစ်ကိုယ်ရေလမ်းညွှန်ချက်တွေကို AI ဆီက တောင်းနိုင်ပါတယ်။

**( ခ ) အပြန်အလှန် စကားပြောခြင်း**

(၁) Voice Chat Function ရှိတဲ့ AI Chatbot (Gemini, Comet, Grok)တွေမှာ မြန်မာဘာသာနဲ့ တိုက်ရိုက်စကားပြောနိုင်ပါတယ်။ လက်ရှိအနေအထားအရတော့ Gemini ကို သုံးစွဲဖို့ အကြံပြုလိုပါတယ်။

(၂) စတင်ချိန်မှာ မြန်မာစာသားပေးပို့ပြီးနောက် ဆက်စကားပြောနိုင်သလို Image Upload လုပ်ခြင်း၊ Camera ဖြင့် တိုက်ရိုက်ပြသခြင်း စတဲ့ နည်းလမ်းတွေကို အသုံးချနိုင်ပါတယ်။

(၃) Live chat အတွင်းမှာ AI က အရောင်ခွဲခြားနိုင်သလို ကင်မရာကို ရှေ့/နောက် ပြောင်းလဲအသုံးပြုနိုင်ပါတယ်။

(၄) အားသာချက်ကတော့ ၂၄ နာရီ အချိန်မရွေး မေးမြန်းနိုင်ခြင်း၊ ရှက်ရွံ့စရာမလိုဘဲ ပွင့်လင်းစွာဆွေးနွေးနိုင်ခြင်း ဖြစ်ပါတယ်။

**( ဂ ) သတိပြုရန် အချက်များ**

(၁) AI ဟာ ဆရာဝန်လို တိုက်ရိုက်ရောဂါရှာဖွေခြင်း၊ ဆေးညွှန်းထုတ်ပေးခြင်း (Telemedicine) မလုပ်နိုင်ပါ။

(၂) ဒါပေမယ့် ကိုယ့်အခြေအနေနဲ့ ပတ်သက်ပြီး သိသင့်တဲ့ ဆေးပညာအချက်အလက်တွေကို ရှင်းပြပေးနိုင်ပြီး စိတ်အေးလက်အေးရှိစေဖို့ အားပေးစကားပြောပေးနိုင်ပါတယ်။

(၃) လိုအပ်လာခဲ့ရင် AI က ဆရာဝန်နဲ့ ထပ်မံတွေ့ဖို့ အကြံပြုပါလိမ့်မယ်။

(၄) Voice Chat မှာတော့ "ကျွန်ုပ်သည် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်များ ပေးအပ်နိုင်ခြင်း မရှိပါ၊ ကျန်းမာရေးပညာရှင်နှင့်သာ အမြဲတမ်းတိုင်ပင်သင့်ပါသည်" ဆိုတဲ့ သတိပေးစာကြောင်းကို အဆုံးတိုင်း ထည့်သွင်းပြောကြားပါလိမ့်မယ်။

(၅) ဒါပေမယ့် AI နဲ့ ဆွေးနွေးတဲ့အခါ နာမည်ရင်း၊ နေရပ်လိပ်စာ စတဲ့ အလွန်အမင်း ထိခိုက်လွယ်တဲ့ ကိုယ်ရေးအချက်အလက်တွေကို တိုက်ရိုက်မပြောဘဲ "ရောဂါလက္ခဏာနဲ့ အချက်အလက်"ကိုပဲ အဓိကထား ဆွေးနွေးဖို့ အကြံပြုလိုပါတယ်။

ခြုံပြောရရင်တော့ **ကျွန်တော်တို့ နိုင်ငံမှာ ဆေးဆိုင်ကို မေးမြန်းပြီး "စပ်ဆေး" တွေနဲ့ ကုသမှုခံယူနေသူတွေအတွက် ဒီလို AI Follow-up နည်းလမ်းက အလွန်အကျိုးရှိစေမှာ ဖြစ်ပါတယ်။** AI ဟာ လူသားဆရာဝန်ကို အစားထိုးဖို့မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် ဖြည့်ဆည်းပေးမယ့် လက်ထောက်အဖြစ် အသုံးချသင့်ပါတယ်။

**AI ကုသရေးခေတ်သစ်ရဲ့ မှတ်တိုင် – Utah ပြည်နယ်ရဲ့ Doctronic စနစ် (၂၀၂၆)**

အရင်က AI ဆိုတာ မေးတာကို ဖြေရုံသက်သက် (Informational) အဆင့်ပဲ ရှိခဲ့ပေမယ့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာတော့ ကမ္ဘာ့ကျန်းမာရေးလောကအတွက် ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု Utah ပြည်နယ်ဟာ Doctronic အမည်ရှိ AI စနစ်ကို အသုံးပြုပြီး ဆေးညွှန်းအလိုအလျောက် သက်တမ်းတိုးခြင်းကို ကမ္ဘာ့ပထမဆုံးအဖြစ် တရားဝင် စမ်းသပ်ခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။ ဒါဟာ Utah ပြည်နယ်ရဲ့ နည်းပညာသစ်များ စမ်းသပ်ခွင့် ဥပဒေအောက်မှာ လည်ပတ်တာဖြစ်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့အချက်တွေကတော့–

(က) **ကုန်ကျစရိတ်သက်သာခြင်း**။ လူနာက AI Agent / chat နဲ့ ဆွေးနွေးပြီး ကျန်းမာရေးအခြေအနေ ပြောင်းလဲမှုမရှိကြောင်း၊ ဘေးထွက်ဆိုးကျိုးမရှိကြောင်း အတည်ပြုနိုင်ရင် တစ်ကြိမ်ကို ၄ ဒေါ်လာထဲနဲ့ ဆေးညွှန်းကို ဆေးဆိုင်ထံ တိုက်ရိုက်ပို့ပေးပါတယ်။ ဒါဟာ သာမန်ဆရာဝန်နဲ့ ပြသခထက် အဆပေါင်းများစွာ သက်သာတဲ့နှုန်း ဖြစ်ပါတယ်။ အခြေအနေမမှန်မကန်တာ ဒါမှမဟုတ် ဆုံးဖြတ်ရခက်ခဲတဲ့ အခြေအနေတွေမှာတော့ Telehealth Video Call ဖြင့် လူသားဆရာဝန်ထံ ချက်ချင်းချိတ်ဆက်ပေးပါတယ်။ အဲဒီအခါမှာတော့ သတ်မှတ်နှုန်းထားတစ်ခု ထပ်မံပေးချေရမှာ ဖြစ်ပါတယ်။

( ခ ) **ဆေးဝါးအကျုံးဝင်မှု**။ Doctronic AI ဟာ လူနာတွေ ပုံမှန်သုံးနေကြတဲ့ ဆေးတွေမှာသာ အသုံးပြုနိုင်ပါတယ်။ ဥပမာအားဖြင့် သွေးတိုး၊ ဆီးချို၊ ကိုလက်စထရော၊ သိုင်းရွိုက်စတဲ့ ရောဂါတွေအတွက် သုံးတဲ့ဆေးတွေ၊ မျိုးစဉ်ထိန်းချုပ်ဆေး၊ စိတ်ကျန်းမာရေးဆေး အစရှိတဲ့ ဆေးဝါး စုစုပေါင်း ၁၉၀ မှ ၁၉၁ မျိုးအတွက်သာ AI က ဆေးညွှန်းကို ထပ်ဖြည့်ပေးနိုင်ပါတယ်။ ပထမဆုံးဆေးညွှန်းကို လူသားဆရာဝန်ကသာ ရေးပေးရပြီး AI က ထပ်ဖြည့်တာကိုသာ တာဝန်ယူပါတယ်။ အကိုက်အခဲပျောက်ဆေး၊ ပိုးသတ်ဆေး စတဲ့ အဆင့်မြင့် ဆေးတွေနဲ့ ထိုးဆေး/ စားဆေးတွေကိုတော့ AI က ကိုယ်တိုင် ဆုံးဖြတ်ခွင့် မရှိပါဘူး။

( ဂ ) **စောင့်ကြည့်စစ်ဆေးမှု**။ စနစ်အသစ်ဖြစ်တဲ့အတွက် ဆေးတစ်မျိုးချင်းစီရဲ့ ပထမဆုံး ထပ်ဖြည့်ပေးမှု အကြိမ် ၂၅၀ ကို လူသားဆရာဝန်တွေက နောက်ကွယ်မှ Audit လုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးမှုမှာ AI ရဲ့ ဆုံးဖြတ်ချက်တွေဟာ လူသားဆရာဝန်တွေရဲ့ ဆုံးဖြတ်ချက်နဲ့ ၉၉ ဒသမ ၂ ရာခိုင်နှုန်းအထိ တူညီတာကို တွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်အပေါ်မှာ တင်ပြခဲ့တဲ့ "စမတ်ဖုန်း AI ကို Follow up လုပ်ဖို့ သုံးပါ" ဆိုတဲ့ အချက်ဟာ အခု Utah မှာတော့ လက်တွေ့တရားဝင် ကုသမှုအဆင့်အထိ ဖြစ်လာနေပါပြီ။ မြန်မာနိုင်ငံမှာတော့ Doctronic လို တရားဝင်စနစ် မရှိသေးပေမယ့် ကျွန်တော်တို့ရဲ့ Gemini လို AI တွေကို အသုံးချပြီး မိမိသောက်နေတဲ့ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကို မေးမြန်းတာ၊ ဆရာဝန်နဲ့ မတွေ့ရခင် ကြိုတင်ပြင်ဆင်ရမယ့် အချက်တွေကို တိုင်ပင်တာနဲ့ ဓာတ်ခွဲခန်းအဖြေတွေကို အခြေခံပြီး ဘာတွေသတိထားရမလဲဆိုတာ ဆွေးနွေးတာတွေကို လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တိုင်စောင့်ရှောက်မှုကို ပိုမိုခိုင်မာစေမှာ ဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ Utah ရဲ့ စနစ်ဟာ နည်းပညာနဲ့ ဥပဒေပေါင်းစပ်ထားတဲ့ Pilot Program ဖြစ်ပြီး ကျွန်တော်တို့ဆီမှာတော့ ဆရာဝန်ရဲ့ ညွှန်ကြားချက်ကို အမြဲတမ်းပထမဦးစားပေးအဖြစ် ထားရှိရမှာ ဖြစ်ပါတယ်။

**လူသားနှလုံးသားနဲ့ AI ဦးနှောက်– "Human Touch" ရဲ့ အနက်ရှိုင်းဆုံး အဓိပ္ပာယ်**

AI နည်းပညာတွေဟာ ၂၀၂၆ ခုနှစ်မှာ မယုံနိုင်လောက်အောင် တိုးတက်လာပြီး ဆေးညွှန်းတွေကိုပါ တာဝန်ယူနိုင်လာပြီဖြစ်ပေမယ့် ကုသမှုဖြစ်စဉ်တစ်ခုမှာ လူသားဆရာဝန်တွေရဲ့ Human Touch ကိုတော့ ဘယ်တော့မှ အစားမထိုးနိုင်သေးပါဘူး။ ဒီနေရာမှာ Human Touch ဆိုတာကို အပိုင်းနှစ်ပိုင်းနဲ့ ခွဲခြားနားလည်ဖို့ လိုအပ်ပါတယ်–

**(က) အာရုံခံစားမှုဆိုင်ရာ ထိတွေ့မှု**

(၁) **အာရုံခံစားနိုင်မှု**။ လူသားတွေဟာ အမြင်၊ အကြား၊ အထိအတွေ့၊ အနံ့နဲ့ အရသာဆိုတဲ့ အာရုံငါးပါးလုံးကတစ်ဆင့် အခြေအနေတွေကို တိုက်ရိုက်ခံစားပြီး အဓိပ္ပာယ်ဖွင့်ဆိုကြတာပါ။

(၂) **AI ရဲ့ ကန့်သတ်ချက်**။ Gemini Live လိုမျိုး AI တွေဟာ ကင်မရာကတစ်ဆင့် အရောင်တွေကို ခွဲခြားနိုင်ပြီး အသံကို ကြားနိုင်ပေမယ့် လူနာရဲ့ လက်ကို ကိုင်လိုက်တဲ့အခါ ခံစားရတဲ့ နွေးထွေးမှု၊ သွေးခုန်နှုန်းရဲ့ ရိုက်ခတ်မှု ဒါမှမဟုတ် လူနာရဲ့ကိုယ်နံ့ကတစ်ဆင့် သိနိုင်တဲ့ ရောဂါလက္ခဏာမျိုးတွေကိုတော့ တိုက်ရိုက်ခံစားနိုင်စွမ်း မရှိပါဘူး။ AI က ဒေတာကိုသာ သုံးပြီး ခန့်မှန်းနိုင်ပေမယ့်လည်း လူသားလို ကိုယ်တိုင်ခံစားနိုင်စွမ်း မရှိလို့ပါ။

**( ခ ) စိတ်ခံစားမှုဆိုင်ရာနယ်ပယ်**။ ဒါဟာကုသမှုရဲ့ အနှစ်သာရဖြစ်တဲ့ စိတ်ခံစားမှု၊ သဘောထားနဲ့ ယဉ်ကျေးမှုနောက်ခံတွေကို နားလည်ပေးနိုင်တဲ့ စွမ်းရည်ဖြစ်ပါတယ်–

(၁) **စိတ်ခံစားမှု ခန့်မှန်းနည်းပညာနဲ့ စာနာနိုင်စွမ်း AI**။ လက်ရှိ AI တွေဟာ လူတစ်ယောက်ရဲ့ အသံနေအသံထား၊ စာသားနဲ့ မျက်နှာအမူအရာကို ကြည့်ပြီး "စိတ်ပူပန်နေသလား"၊ "ဝမ်းနည်းနေသလား"ဆိုတာကို ခန့်မှန်းပေးနိုင်တဲ့ နည်းပညာတွေ ပါဝင်လာပါတယ်။ AI က ၂၄ နာရီပတ်လုံး နားထောင်ပေးနိုင်ပြီး "ခင်ဗျားစိတ်ပူနေတာကို ကျွန်တော်နားလည်ပါတယ်" လို့ တုံ့ပြန်နိုင်ပါတယ်။

*စာမျက်နှာ ၇ သို့*

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ ခိုင်ခိုင်စိုး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) ဦးခင်မောင်လှိုင် | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

၃။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ဇော်ဦး ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

*စာမျက်နှာ ၆ မှ*

(၂) **တကယ့်ခံစားချက် မဟုတ်ခြင်း။** AI က စိတ်ခံစားမှုကို ခန့်မှန်းပေးနိုင်ပေမယ့်လည်း အမှန်တကယ်ခံစားနိုင်စွမ်းမရှိပါ။ AI ဟာ လူသားတစ်ယောက်လို အတွင်းခံစားချက်ကို တိုက်ရိုက်ခံစားပိုင်ခွင့် မရှိပါဘူး။ လူသားဆရာဝန် တစ်ဦးကသာ လူနာရဲ့ စိုးရိမ်မှုကို ကိုယ်ချင်းစာ ကြည့်ပေတာ၊ ဘဝအတွေ့အကြုံအရ နားလည်ပေးတာမျိုးဟာ AI မလုပ်နိုင်တဲ့ အနက်ရှိုင်းဆုံးကုသခြင်း အတတ်ပညာပဲ ဖြစ်ပါတယ်။

အောက်ကဇယားကို လေ့လာကြည့်ရင် AI နဲ့ လူသားဆရာဝန်ရဲ့ အဓိကခြားနားချက်တွေကိုတွေ့ရှိနိုင်ပြီး Human Touch ရဲ့ အရေးပါမှုကို ပိုမိုရှင်းလင်းစေမှာဖြစ်ပါတယ်-

| အချက်အလက် (Attribute) | လူသား (Human) | AI (Current Status) |
|---|---|---|
| တိုက်ရိုက်ခံစားမှု (Internal Feeling) | ရှိပါတယ် | မရှိပါ (Simulated သာ) |
| စိတ်ခံစားချက် ခွဲခြားနိုင်မှု | လူပုဂ္ဂိုလ်အလိုက် ကွဲပြားမှု အမျိုးမျိုးရှိနိုင်ပါတယ် | မြင့်မားပါတယ် (ဒေတာအပေါ်မူတည်) |
| ယဉ်ကျေးမှုနဲ့ အခြေအနေအရ နားလည်မှု | အလွန်မြင့်မားပါတယ် | အကန့်အသတ်ရှိပါတယ် |
| အလုပ်လုပ်နိုင်စွမ်း (Scale & Consistency) | မတည်ငြိမ်နိုင်ပါ (ပင်ပန်းတတ်ပါတယ်) | တည်ငြိမ်ပါတယ် (၂၄/၇ အလုပ်လုပ်နိုင်) |
| ကိုယ်ပိုင်ရည်ရွယ်ချက် (Intrinsic Motive) | ရှိပါတယ် | မရှိပါ |

ဟာ တိကျတဲ့ ခွဲစိတ်မှုတွေလုပ်နိုင်ပေမယ့် လူနာကို နူးညံ့စွာ စမ်းသပ်တာ၊ အခြေအနေပေါ် မူတည်ပြီး လက်တွေ့တုံ့ပြန်တာမှာတော့ လူသားဆရာဝန်ရဲ့ ထိတွေ့မှုကသာ အကောင်းဆုံးဖြစ်နေဆဲပါ။

(ဂ) **စိတ်ထားနဲ့ သဘောထား နယ်ပယ် (Affective Domain)။** AI က အသံ၊ စာသား၊ မျက်နှာအမူအရာတွေကို ကြည့်ပြီး စိတ်ပူနေသလား၊ ဝမ်းနည်းနေသလား ခန့်မှန်းနိုင်ပါတယ်။ ဒါပေမယ့် အမှန်တကယ်စာနာမှု (Genuine Empathy) ကို ပေးနိုင်တာက လူသားဆရာဝန်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆရာဝန်တစ်ဦးဟာ မိမိရဲ့ KSA (Knowledge, Skills, Attitudes) ကို AI နဲ့ ပေါင်းစပ်ပြီး မြှင့်တင်မယ်ဆိုရင် သူ့ရဲ့ ကုသမှုပုံစံကို အခုလို ပြောင်းလဲစေနိုင်မှာ ဖြစ်ပါတယ်-

**ခေတ်သစ်ဆရာဝန်နဲ့ AI- ခြိမ်းခြောက်မှုလား၊ အားကိုးရာလား**

နည်းပညာတွေ တစ်ဟုန်ထိုး တိုးတက်လာတဲ့ ၂၀၂၆ ခုနှစ်မှာ ဆရာဝန်အချို့က AI က ငါတို့နေရာကို အစားထိုးတော့မှာလားဆိုပြီး စိုးရိမ်တတ်ကြပါတယ်။ တကယ်တော့ AI ဆိုတာ ဆရာဝန်ကို အစားထိုးဖို့ မဟုတ်ဘဲ ဆရာဝန်ရဲ့ အရည်အချင်းကို မြှင့်တင်ပေးမယ့် လက်ထောက်တစ်ဦးသာ ဖြစ်ပါတယ်။ ဒီအခန်းမှာတော့ ဆရာဝန်နဲ့ AI ရဲ့ အခန်းကဏ္ဍကို နယ်ပယ်သုံးခုအနေနဲ့ ခွဲခြားဖော်ပြလိုပါတယ်-

(က) **အသိဉာဏ်ဆိုင်ရာ နယ်ပယ် (Cognitive Domain)။** AI က အချက်အလက်တွေကို စက္ကန့်ပိုင်းအတွင်း တွက်ချက်နိုင်ပြီး နောက်ဆုံးပေါ် ဆေးပညာလမ်းညွှန်ချက်တွေကို ချက်ချင်းရှာဖွေပေးနိုင်ပါတယ်။

(ခ) **လက်တွေ့ကျွမ်းကျင်မှုနယ်ပယ် (Psychomotor Domain)။** AI စက်ရုပ်တွေ

(က) **အသိပညာ - အမြဲတမ်းနောက်ဆုံးပေါ် ဖြစ်နေခြင်း။** ယခင်က ဆေးကျောင်းတုန်းက သင်ခဲ့တဲ့ စာအုပ်တွေနဲ့ အတွေ့အကြုံကိုသာ အားကိုးခဲ့ရာက AI ကို အသုံးပြုပြီး နေ့စဉ်သင်ယူနေမယ်ဆိုရင် ဥပမာအားဖြင့် လူနာတစ်ယောက်မှာ ထူးခြားတဲ့ဆေး ဘေးထွက်ဆိုးကျိုးတွေ့ရင် AI ကိရိယာ သို့မဟုတ် PubMed လို အရင်းအမြစ်တွေမှာ AI နဲ့ အမြန်ရှာဖွေမှာ ဖြစ်ပါတယ်။ သွေးတိုးရောဂါအတွက် နောက်ဆုံးပေါ် ဆေးပညာအကြံပေးလမ်းညွှန်ချက်များ- ၂၀၂၆ ခုနှစ် (Latest guidelines for hypertension 2026) လိုမျိုး မေးခွန်းတွေနဲ့ မိမိရဲ့အသိပညာကို အမြဲ Update လုပ်ထားနိုင်မှာ ဖြစ်ပါတယ်။

(ခ) **ကျွမ်းကျင်မှု - လက်တွေ့လုပ်ဆောင်နိုင်စွမ်း မြှင့်တင်ခြင်း။** AI က သူ့အတွက်

> **“စမတ်ဖုန်း AI ကို Follow up လုပ်ဖို့ သုံးပါ” ဆိုတဲ့အချက်ဟာ အခု Utah မှာတော့ လက်တွေ့တရားဝင် ကုသမှုအဆင့်အထိ ဖြစ်လာနေပါပြီ။ မြန်မာနိုင်ငံမှာတော့ Doctronic လို တရားဝင်စနစ်မရှိသေးပေမယ့် ကျွန်တော်တို့ရဲ့ Gemini လို AI တွေကို အသုံးချပြီး မိမိသောက်နေတဲ့ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကို မေးမြန်းတာ၊ ဆရာဝန်နဲ့ မတွေ့ရခင် ကြိုတင်ပြင်ဆင်ရမယ့်အချက်တွေကို တိုင်ပင်တာနဲ့ ဓာတ်ခွဲခန်း အဖြေတွေကို အခြေခံပြီး ဘာတွေသတိထားရမလဲဆိုတာ ဆွေးနွေးတာတွေကို လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တိုင်စောင့်ရှောက်မှုကို ပိုမိုခိုင်မာစေမှာဖြစ်**

ဒုတိယမျက်စိဖြစ်လာမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် X-ray ပုံတွေကို AI ကိရိယာတွေနဲ့ နှိုင်းယှဉ်စစ်ဆေးပြီး ပိုမိုတိကျတဲ့ ပုံဖတ်ခြင်း ကျွမ်းကျင်မှု ရလာပါတယ်။ ဒါ့အပြင် ရှုပ်ထွေးတဲ့ ဆေးပညာစကားလုံးတွေကို လူနာ နားလည်လွယ်အောင် ဘယ်လို ရှင်းပြရမလဲဆိုတာကို AI ဆီကနေ နမူနာရယူပြီး လေ့ကျင့်တာကြောင့် လူနာနဲ့ ဆက်သွယ်မှု ပိုကောင်းလာမှာ ဖြစ်ပါတယ်။

(ဂ) **စိတ်ထားနဲ့ သဘောထား - အရေးအကြီးဆုံး အပြောင်းအလဲ။** AI က သူ့ကို အဆက်မပြတ်သင်ယူလိုစိတ်ရှိသူတစ်ဦး ဖြစ်လာစေမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် AI က တစ်ခါတလေ မှားတတ်တာကို သိထားတာကြောင့် အချက်အလက်တွေကို Double-check အမြဲလုပ်တဲ့ သတိရှိမှု တိုးတက်လာမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် AI က ရောဂါရှာနိုင်ပေမယ့် လူနာကို နားထောင်ပြီး စာနာမှုပေးနိုင်တာက လူသားပဲဖြစ်တယ်လို့ ပိုမိုယုံကြည်လာမှာ ဖြစ်ပါတယ်။

အောက်ကဇယားလေးကို လေ့လာကြည့်စေလိုပါတယ် -

| အပိုင်း | ယခင်မူလအနေအထား | AI နဲ့ တွဲဖက်ပြီးအနေအထား | AI ရဲ့ အဓိက အထောက်အကူ |
|---|---|---|---|
| Knowledge | စာအုပ်နဲ့ ဆေးကျောင်း အသိပဲရှိ | နေ့စဉ်နောက်ဆုံးပေါ် သုတေသနများ | အချက်အလက် ရှာဖွေမှု မြန်ဆန်ခြင်း |
| Skills | လက်တွေ့ဆေးပညာ ကျွမ်းကျင်မှုပဲရှိ | ပုံဖတ်၊ ရှင်းပြ၊ ဆုံးဖြတ်ချက် ပိုတိကျ | လေ့ကျင့်ခန်းနဲ့ ရှင်းလင်းချက်များ |
| Attitude | သင်ယူမှု နည်းပါးခဲ့ | အဆက်မပြတ် သင်ယူ၊ စာနာမှု ပိုများ | ဝေဖန်တွေးခေါ်မှုနဲ့ နှိမ့်ချမှု |

တစ်နည်းအားဖြင့် ဆရာဝန်တစ်ဦးရဲ့ KSA ထဲကို AI ကို ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းက ဆရာဝန်ကို “သိပြီးသား ဆရာဝန်”ကနေ “အဆက်မပြတ်တိုးတက်နေတဲ့ ဆရာဝန်” အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ AI ရဲ့ မြန်ဆန်တဲ့ ဦးနှောက်နဲ့ လူသားရဲ့ စစ်မှန်တဲ့ နှလုံးသားပေါင်းစပ်မှသာ အကောင်းဆုံးသော ကုသမှုကိုရရှိမှာ ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ၂၀၂၆ ခုနှစ်ရဲ့ နည်းပညာရေစီးကြောင်းထဲမှာ စမတ်ဖုန်း AI ဆိုတာ ၂၄ နာရီပတ်လုံး အားကိုးလို့ရတဲ့ ကျန်းမာရေးလက်ထောက်တစ်ဦး ဖြစ်လာပါပြီ။ **ကျွန်တော်တို့ နိုင်ငံမှာ ဆေးဆိုင်ကပေးတဲ့ စပ်ဆေးတွေနဲ့ ကိုယ့်ကျန်းမာရေးကို စမ်းသပ်မယ့်အစား AI ကို အသုံးပြုပြီး မှန်ကန်တဲ့ ကျန်းမာရေးဗဟုသုတတွေကို ရှာဖွေတတ်ဖို့ လိုအပ်ပါတယ်။** ဒါပေမယ့် သတိပြုရမှာက AI ဟာ လူသားဆရာဝန်ကို အစားထိုးဖို့ မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှု ကို ပိုမိုခိုင်မာအောင် ဖြည့်ဆည်းပေးဖို့သာ ဖြစ်ပါတယ်။ ထို့အတူ ဆရာဝန်များအနေနဲ့လည်း AI ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် မမြင်ဘဲ မိမိရဲ့ KSA (Knowledge, Skills, Attitudes) ကို မြှင့်တင်ပေးမယ့် လက်နက်တစ်ခုအဖြစ် အသုံးချပြီး ခေတ်သစ်ဆေးပညာရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်သင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# လယ်ဝေးမြို့နယ်အတွင်း တည်ဆောက်မည့် အုတ်ကြွပ်အမိုးပြားနှင့်အုတ်စက်ရုံပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၅**

"ပုလဲဥ" အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အုတ်ကြွပ်အမိုးပြားနှင့်အုတ်စက်ရုံပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ရွှေပြည်အေးကျေးရွာ အုပ်စု အမှတ်(၁၇၉၉/ခ)ကွင်း၌ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးဦးသိုက်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် "ပုလဲဥ" အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အုတ်ကြွပ်အမိုးပြားနှင့် အုတ်စက်ရုံတည်ဆောက်မည့် မြေနေရာ၌ ပန္နက်တင်ပေးကြသည်။(ယာပုံ)

ထို့နောက် "ပုလဲဥ" အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းလီမိတက် တာဝန်ရှိသူများက စက်ရုံတည်ဆောက်မည့်အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းများ အချိန်တိုအတွင်း ဆောလျင်စွာ ပြီးစီးရေးတွန်းအားပေး ဆောင်ရွက်သွားရန်နှင့်ထွက်ရှိလာသော ထုတ်ကုန်များဈေးကွက်ရရှိရေး ကြိုတင်ချိတ်ဆက် ဆောင်ရွက်ထားကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိကာ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက် ပိုင်မြေပေါ်၌ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် မျိုးဇမ္ဗူကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ဥစားကြက်မွေးမြူရေး လုပ်ငန်းမှ ကြက်ခြံတည်ဆောက်နေမှု၊ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် ခေတ်ရှေ့ဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်းနှင့် လယ်ယာသုံးစက်ပစ္စည်း အသစ်တပ်ဆင်/အဟောင်းပြုပြင် အလုပ်ရုံ၌ မျိုးစေ့ချကိရိယာများ တပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကြက်ခြံတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် မျိုးစေ့ချကိရိယာများအား နွေစပါးစိုက်ပျိုးချိန်အမီ အသင်းသားတောင်သူများ လက်ဝယ်ရောက်ရှိရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီးအတွင်း စက်သုံးဆီသုံးစွဲမှု ဖူလုံမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးအတွင်း စက်သုံးဆီဝင်ရောက်မှု အခြေအနေများ၊ ဖြန့်ဖြူးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်းဒေသရှိ Max Terminal သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဌာနဆိုင်ရာများ၊ စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိချုပ် ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေး အသင်းယာယီဥက္ကဋ္ဌ ဦးမြို့မြင့်ဆွေနှင့် တာဝန်ရှိသူများ၊ သီလဝါဆိပ်ကမ်းဒေသရှိ Terminal များမှ တာဝန်ခံများနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်သုံးဆီများအား လုံလောက်မှုရှိစွာ ပေးဝေရန်၊ ဆီဆိုင်များအား မှန်ကန်စွာ ခွဲဝေရောင်းချရန်နှင့် ဆီဆိုင်များတွင် စက်သုံးဆီများအား ပုံမှန်ရောင်းချနေသည့်အတိုင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချရန် မှာကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေး အရာရှိချုပ်က စက်သုံးဆီဖူလုံမှုနှင့် Purchase Order ခွဲဝေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း ယာယီဥက္ကဋ္ဌက စက်သုံးဆီများအား Tanker များဖြင့် တင်သွင်းမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က သီလဝါဆိပ်ကမ်းဒေသရှိ Max Terminal၊ Apex Gas and Oil Great Petroleum Terminal နှင့် MYAT MIATTAR MON PETROL Terminal များရှိ ဆီဖြည့်ပွိုင့်များတွင် စက်သုံးဆီတင်ယာဉ်များအား ဆီဖြည့်ပေးနေမှုနှင့် စက်သုံးဆီ ဖြန့်ဖြူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# စက်သုံးဆီအရောင်းဆိုင်များ၏ စက်သုံးဆီရောင်းချမှု အခြေအနေများကို စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးလျက်ရှိ

**နေပြည်တော် မတ် ၅**

စွမ်းအင်ဝန်ကြီးဌာနမှ စက်သုံးဆီ ဖူလုံမှုရှိစေရေး အစီအမံဖြင့် ဆောင်ရွက်ထားရှိသည့်အတွက် ရက် ၄၀ ခန့်စာ တင်သွင်းသိုလှောင်ထားရှိပြီး စက်သုံးဆီများကို သီလဝါမှ နိုင်ငံတစ်ဝန်းသို့ ဆီတင်ယာဉ်များဖြင့် ဖြည့်တင်းဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်မြို့ သီလဝါရှိ Terminal များမှ စက်သုံးဆီများကို ပုံမှန်ခွင့်ပြုထုတ်ပေးလျက်ရှိပြီး ရောင်းအားမြင့်တက်သည့် အရောင်းဆိုင်များကိုလည်း Urgent Po များကို ထပ်မံခွင့်ပြုထုတ်ပေးလျက်ရှိပါသဖြင့် စက်သုံးဆီ ပုံမှန်ရောင်းချပေးနိုင်ပါကြောင်း၊ မလိုအပ်ဘဲ ဝယ်ယူခြင်း မပြုရန် မေတ္တာရပ်ခံပါကြောင်း၊ စက်သုံးဆီရောင်းချပေးခြင်း မရှိပါက ဖုန်းဖြင့် ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်းနှင့် ရောင်းချမှု မရှိကြောင်း စိစစ်တွေ့ရှိရပါက အရောင်းဆိုင်ကို ပိတ်သိမ်းအရေးယူသွားမည် ဖြစ်ပါကြောင်း တာဝန်ရှိသူများက မိဘပြည်သူများသို့ စက်သုံးဆီအရောင်းဆိုင်များတွင် နှိုးဆော်အသိပေးဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ နေပြည်တော်ရှိ Real Time စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီအမှန်တကယ်ရောက်ရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး စက်သုံးဆီထပ်မံ ဖြည့်ဆည်းပေးရန် လိုအပ်သည့် စက်သုံးဆီအရောင်းဆိုင်များကိုလည်း အမြန်ဖြည့်ဆည်းပေးနိုင် ရေး ဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များရှိ ကြီးကြပ်စစ်ဆေးရေး အရာရှိများကလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ စက်သုံးဆီအရောင်းဆိုင်များ အမှန်တကယ်ရောင်းချမှု ရှိ/မရှိ၊ စက်သုံးဆီရောက်ရှိမှု ရှိ / မရှိတို့ကို စက်သုံးဆီလက်ကျန်များ တိုင်းတာစစ်ဆေးခြင်း၊ Auto Tank Gauge (ATG) များအား စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကာ စက်သုံးဆီများ အချိန်မီ ထုတ်ယူသယ်ဆောင်ရောင်းချနိုင်ရေးနှင့် စက်သုံးဆီ ပြတ်လပ်မှု မရှိစေရေးအတွက် ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။



**သတင်းစဉ်**

❍ ကျောဖုံးမှ

မြန်မာနောက်ခံအားကစားသမားများကလည်း ဂိုးမပေးရရေးအတွက် အနာခံကစားခဲ့ကြသည်။ ပွဲပြီး၍ အချိန်ပို သုံးမိနစ်တွင် မြန်မာအသင်းက ပြစ်ဒဏ်ဘောနှင့် ထောင့်ကန်ဘောရရှိခဲ့သော်လည်း အခွင့်အရေးကို အသုံးမချနိုင်ခဲ့ပေ။

မြန်မာ ယူ -၁၇ အသင်းအနေဖြင့် အနိုင်ဂိုးမရရှိခဲ့သော်လည်း ဂိုးမပေးရရေးအတွက် အားကြိုးမာန်တက်ကစားခဲ့ကြသဖြင့် ပရိသတ်များက ကစားသမားများအား ပြိုင်ပွဲပြီးဆုံးသည်အထိ မြန်မာ- မြန်မာဟူသော ချီးကျူးဂုဏ်ပြုသံဖြင့် အားပေးခဲ့ကြသည်။

**ဓာတ်ပုံ – ဇော်မင်းလတ်**
**ညိမ်းသူ(သတင်းစဉ်)**

## ဥတုရာသီ၊ တောကိုမှီ၏

# မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်းစီမံကိန်း မိတ်ဆက်အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၅**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၅) အထောက်အပံ့ဖြင့် "မဲခေါင်ဒေသတွင်းရှိစိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့်အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း" စီမံကိန်း မိတ်ဆက်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။




**တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိ**

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံသည် ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်း၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အပြန်အလှန် ယုံကြည်မှု၊ သာတူညီမျှရှိမှု စသည့်မူများအပေါ် အခြေခံကာ တက်ကြွစွာ ပူးပေါင်း ပါဝင်လျက်ရှိပါကြောင်း၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong-Lancang Cooperation - MLC) သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များတွင် အောင်မြင်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး အထူးရန်ပုံငွေ စီမံကိန်းများသည်လည်း ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုသည့် စီမံကိန်းများဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် "မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း" စီမံကိန်းတွင် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးအတွင်းနှင့် တရုတ်နိုင်ငံ ဟိုင်နမ်ဒေသရှိစိုက်ပျိုးမြေဆီလွှာများ၏ အရည်အသွေးနှင့် မြေအမျိုးအစားများကို စစ်ဆေးအကဲဖြတ်မည်ဖြစ်ပြီး ရရှိလာသော အချက်အလက်များကို စနစ်တကျ ပြုစုမှတ်တမ်းတင်အသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်း/ပြည်ပ ပညာရှင်များအကြား သိပ္ပံပညာ/နည်းပညာများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**စီမံကိန်းဆိုင်ရာများ ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က အမှာစကားပြောကြားသည်။

ယင်းနောက် မဲခေါင်ဒေသတွင်းရှိ စိုက်ပျိုးမြေဆီလွှာ၏ အရည်အသွေးနှင့် အာဟာရဓာတ်ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း စီမံကိန်းဆိုင်ရာများကို လည်းကောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နမ်ဒေသရှိ အပူပိုင်းသီးနှံဆိုင်ရာ မြေဆီလွှာစီမံခန့်ခွဲမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဇီဝနည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မဲခေါင် - လန်ချန်းအဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသော သုတေသန ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မုဒုံမြို့နယ်ရှိ Puma Power International Port Terminal ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မော်လမြိုင် မတ် ၅**

မွန်ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှု မဖြစ်ပေါ်စေရေးနှင့် အများပြည်သူများ စိုးရိမ်ကြောင့်ကြမှု မဖြစ်ပေါ်စေရေးအတွက် ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာရှိ Puma Power International Port Terminal ဆိပ်ကမ်းသို့ သွားရောက်၍ ပြည်နယ်အတွင်း လစဉ်အသုံးပြုရန် လိုအပ်သော စက်သုံးဆီများ ပြည်ပ (ပင်လယ်ရေကြောင်း) မှ တင်သွင်းဖြန့်ဖြူးနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စက်သုံးဆီများအား ပြည်ပ (ပင်လယ်ရေကြောင်း) ဆီတင်သင်္ဘောကြီးများမှ စက်သုံးဆီလှောင်ကန်များသို့ ဆီဖြည့်သွင်းနေမှု၊ စက်သုံးဆီများအား စက်သုံးဆီ အရောင်းဆိုင်များသို့ သယ်ဆောင်ပေးပို့ဖြန့်ဖြူးနိုင်ရေး ဆိပ်ကမ်းရှိ ဆီလှောင်ကန်များမှ တစ်ဆင့် ဆီသယ်မော်တော်ယာဉ်များသို့ စက်သုံးဆီများ တင်ယူပို့ဆောင်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ စက်သုံးဆီများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် စက်သုံးဆီများကို စက်သုံးဆီဆိုင်များသို့ အဆင်ပြေချောမွေ့စွာ၊ မြန်ဆန်စွာရောက်ရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် ဆိပ်ကမ်းရှိ ရှင်းလင်းဆောင်၌ မွန်ပြည်နယ် စက်သုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချနေသည့် စက်သုံးဆီလုပ်ငန်းများ၏ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဆိပ်ကမ်းတာဝန်ခံက မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စက်သုံးဆီများအား ပြည်ပ (ပင်လယ်ရေကြောင်း) မှ တင်သွင်းဖြန့်ဖြူး ဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း လိုအပ်သော စက်သုံးဆီများ အမြဲမပြတ် ဝယ်ယူနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပြီး စက်သုံးဆီ အရောင်းဆိုင်များကလည်း သတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချပေးရန်၊ စက်သုံးဆီများ မြေပြင်တွင် မှန်မှန်ကန်ကန် ရောင်းချနေမှု ရှိ/ မရှိ၊ တရားမဝင် စက်သုံးဆီများ ရောင်းချမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကာ ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ဘာသာ၊သာသနာနှင့်လူမှုရေး လုပ်ငန်းအပါအဝင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သည့် စက်သုံးဆီကဏ္ဍကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးကြရန်နှင့် စက်သုံးဆီများကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဈေးနှုန်းများအတိုင်း ရောင်းကြရန် မှာကြားသည်။



ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပြည်နယ်အတွင်း စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချနေမှု အခြေအနေကို ရှင်းလင်းပြောကြားကာ စက်သုံးဆီလုပ်ငန်းများမှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# (၇၆)ကြိမ်မြောက်(၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကျင်းပ

**ကျိုက်မရော မတ် ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) က ကျင်းပပြုလုပ်သော (၇၆) ကြိမ်မြောက် (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်ဆိုင်ရာ စာမေးပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက အထက ကျိုက်မရော (ပညာအားမာန်)ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကားပြောကြားကာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစွမ်းရည်ထက်က ဆုပေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၇၆) ကြိမ်မြောက် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ပြည်နယ်အဆင့် ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အဆင့်၌ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၃၇ဦးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ပြည်နယ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆုရကျောင်းများမှ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျိုက်မရော(ပြန်/ဆက်)**

# ပျော်ဘွယ်မြို့ အမှတ်(၈)အထည်စက်ရုံ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြ

**ပျော်ဘွယ် မတ် ၅**

ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် အမှတ်(၈)အထည်စက်ရုံတို့ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် စက်ရုံအတွင်းမီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုစစ်ဆေးခြင်းကို မတ် ၄ ရက်က အဆိုပါစက်ရုံ၌ ပြုလုပ်သည်။



ဦးစွာ ရမည်းသင်းခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရှင်းလင်းဆွေးနွေးပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ စက်ရုံဝန်ထမ်းများအား မီးငြိမ်းသတ်ခြင်းကို လက်တွေ့လေ့ကျင့်စေခြင်း၊ မီးသတ်ပိုက်များ အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို စက်ရုံဝန်ထမ်းများနှင့်အတူ ပူးတွဲလေ့ကျင့်ပြသပေးကြပြီး စက်ရုံအတွင်း မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ရေသိုလှောင်ထားမှု၊ မီးငြိမ်းသတ်ရေး ပစ္စည်းများ အသင့်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏

# တက္ကသိုလ်ဝင်စာမေးပွဲ (Grade 12)ဖြေဆိုရာတွင် ကြိုတင်ပြင်ဆင်ထားရမည့်အချက်များ

ပါမောက္ခဒေါက်တာသန့်စင်

**စာမေးပွဲဖြေဆိုရမည့်ရက်စွဲနှင့် ဖြေဆိုရမည့်ဘာသာကို ဂရုစိုက်ရပါမည်။ ဖြေဆိုရမည့်အချိန်မတိုင်မီ ကြိုတင်၍ စာမေးပွဲကျင်းပရာ စာစစ်ဌာနသို့ ရောက်ရှိသင့်ပါသည်။ စိတ်လှုပ်ရှားမှုမရှိစေရန်နှင့် အေးဆေးတည်ငြိမ်စွာ ဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုချိန်ကာလအတွင်း ညလုံးပေါက် စာကြည့်ခြင်းကို ရှောင်သင့်ပါသည်။ စာမေးပွဲကာလအတွင်း အစား၊ အသောက်၊ အနေ၊ အထိုင်ကို ဂရုပြုရပါမည်။ ဆရာ၊ မိဘများကလည်း ပါဝင်ကူညီပေးကြရမည် ဖြစ်ပါသည်။ အဓိကမှာ စာမေးပွဲဖြေကြမည့် ကျောင်းသား ကျောင်းသူများ၏ ပတ်ဝန်းကျင်တွင် စာကြည့်ရာ၌ အနှောင့်အယှက်ဖြစ်စေသည့် ဆူညံသံများ၊ အသံချဲ့စက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ကာကွယ်ပေးသင့်**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (Grade 12)ကို မတ်လ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အထိ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများတွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပတော့မည် ဖြစ်ပါသည်။ တက္ကသိုလ်ဝင် စာမေးပွဲသည် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသာမက မိဘ၊ ဆွေမျိုးများကပါ စိတ်ဝင်စားမှုအမြင့်ဆုံး စာမေးပွဲဖြစ်ပါသည်။

ယခုအခါ ဒေသအသီးသီးမှ ဖြေဆိုကြမည့်သူများသည် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို ပိုင်နိုင်စွာလေ့ကျင့်ပြီးထားကြပြီး စာမေးပွဲကြီးဖြေဆိုရန် အသင့်အနေအထား ရောက်ရှိနေကြပြီဖြစ်မည်ဟု ထင်မြင်မိပါသည်။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများသည်လည်း မိမိတို့၏ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲအောင်ချက်မြင့်မားရေးအတွက် အစွမ်းကုန် စခန်းသွင်းလေ့ကျင့်ပေးနေမှုများကို နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့မြင်ဖတ်ရှုရပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား ကျောင်းသူများအတွက် မိမိ၏မည်သည့် တက္ကသိုလ်၊ ကောလိပ်တွင် တက်ရောက်ပြီး လျှောက်လှမ်းရမည်ကို အဆုံးအဖြတ်ပေးသည့် စာမေးပွဲ ဖြစ်ပါသည်။ ဖြေဆိုသူတိုင်း အောင်မြင်လိုကြသည်ဖြစ်ပါသည်။ ထိုသို့ အောင်မြင်နိုင်ရန်လည်း ကြိုးစားခဲ့ကြပါသည်။ အဓိကမှာ စာမေးပွဲကို သတ်မှတ်ချိန်အတွင်း ကောင်းစွာဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မည်မျှကြိုးစားခဲ့သော်လည်း စာမေးပွဲဖြေဆိုခါနီးမှ ကျန်းမာရေးမကောင်းဖြစ်ခဲ့ပါက ကြိုးစားမှုရလဒ် အပြည့်မရနိုင် ဖြစ်တတ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူများအနေဖြင့် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။

> **“တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား ကျောင်းသူများအတွက် မိမိ၏မည်သည့်တက္ကသိုလ်၊ ကောလိပ်တွင် တက်ရောက်ပြီး လျှောက်လှမ်းရမည်ကို အဆုံးအဖြတ်ပေးသည့်စာမေးပွဲဖြစ်ပါသည်။ ဖြေဆိုသူတိုင်း အောင်မြင်လိုကြသည်ဖြစ်ပါသည်။ ထိုသို့အောင်မြင်နိုင်ရန်လည်း ကြိုးစားခဲ့ကြပါသည်။ အဓိကမှာ စာမေးပွဲကို သတ်မှတ်ချိန်အတွင်း ကောင်းစွာဖြေဆိုနိုင်ရန် ဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး မည်မျှကြိုးစားခဲ့သော်လည်း စာမေးပွဲဖြေဆိုခါနီးမှ ကျန်းမာရေးမကောင်းဖြစ်ခဲ့ပါက ကြိုးစားမှုရလဒ် အပြည့်မရနိုင် ဖြစ်တတ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများအနေဖြင့် ကျန်းမာရေးကို ဂရုစိုက်ရပါမည်”**

စာမေးပွဲဖြေဆိုရမည့်ရက်စွဲနှင့် ဖြေဆိုရမည့်ဘာသာကို ဂရုစိုက်ရပါမည်။ ဖြေဆိုရမည့်အချိန်မတိုင်မီ ကြိုတင်၍ စာမေးပွဲကျင်းပရာ စာစစ်ဌာနသို့ ရောက်ရှိသင့်ပါသည်။ စိတ်လှုပ်ရှားမှုမရှိစေရန်နှင့် အေးဆေးတည်ငြိမ်စွာ ဖြေဆိုနိုင်ရန် လိုအပ်ပါသည်။ စာမေးပွဲဖြေဆိုချိန်ကာလအတွင်း ညလုံးပေါက်စာကြည့်ခြင်းကို ရှောင်သင့်ပါသည်။ စာမေးပွဲကာလအတွင်း အစား၊ အသောက်၊ အနေ၊ အထိုင်ကို ဂရုပြုရပါမည်။ ဆရာ၊ မိဘများကလည်း ပါဝင်ကူညီပေးကြရမည် ဖြစ်ပါသည်။ အဓိကမှာ စာမေးပွဲဖြေကြမည့် ကျောင်းသား ကျောင်းသူများ၏ ပတ်ဝန်းကျင်တွင်စာကြည့်ရာ၌ အနှောင့်အယှက်ဖြစ်စေသည့် ဆူညံသံများ၊ အသံချဲ့စက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ကာကွယ်ပေးသင့်ပါသည်။

စာမေးပွဲ စတင်ဖြေဆိုချိန်တွင် စာမေးပွဲ မေးခွန်းစာရွက်ကို အစမှ အဆုံးထိတစ်ခေါက် သေချာစွာဖတ်ရှုကြရပါမည်။ ပြီးမှမိမိအပိုင်နိုင်ဆုံး မေးခွန်းများကို ရွေးချယ်ကာ စတင်ဖြေဆိုသင့်ပါသည်။

စာမေးပွဲမေးခွန်း တစ်ခုချင်းစီတွင် တစ်ခါတစ်ရံ မေးခွန်းငယ်နှစ်ခု၊ သုံးခုခန့် ပါရှိတတ်ပါသည်။ ထိုအခါ မေးခွန်းတိုင်းကို ဖြေဆိုမိရန် ကြိုးစားသင့်ပါသည်။ မေးခွန်း အဖတ်လွဲပြီး တချို့မေးခွန်းငယ်များ ဖြေဆိုရန် ကျန်တတ်ပါသည်။ တချို့မေးခွန်းများတွင် လိုအပ်သည့် ပုံများ၊ ဇယား၊ ဂရပ်များဆွဲရန်ရှိပါက ပြည့်စုံစွာဆွဲသားဖြေဆိုသင့်ပါသည်။

သိပ္ပံဘာသာရပ်များတွင် သက်ဆိုင်ရာ MKS(SI)ယူနစ်များ ပြောင်းရန် လိုအပ်ပါက ပြောင်းလဲတွက်ချက်ရန် မမေ့သင့်ပါ။ ရူပဗေဒဘာသာတွင် ဗက်တာ(Vector) ပုံများဆွဲရာတွင် ဗက်တာမြှားများ တပ်ဆင်ရပါမည်။ ယူနစ်များကို ဂရုစိုက်၍ တွက်ချက်ရပါမည်။ စာမေးပွဲဖြေဆိုနေစဉ် အသုံးပြုသည့် သင်္ချာတွက်စက်(Scientific Calculator) ကို သေချာဂရုစိုက်၍ မမှားအောင်တွက်ချက်တတ်ရန် လိုပါသည်။

မေးခွန်းအားလုံးကို သတ်မှတ်အချိန် သုံးနာရီအတွင်း ဖြေဆိုနိုင်ရန် လေ့ကျင့်ထားရပါမည်။ မေးခွန်းအားလုံးဖြေဆိုပြီးပါက ပြန်လည်စစ်ဆေးရန် အချိန်ပေးသင့်ပါသည်။ ဖြေဆိုရန် မေးခွန်းမကျန်စေရန်နှင့် ဂဏန်းကိုင်တွက်ချက်မှု မှန် မမှန် ပြန်လည်စစ်ဆေးရပါမည်။ မိမိဖြေဆိုရမည့် ဘာသာဖြေဆိုပြီးပါက နောက်တစ်နေ့ဖြေဆိုရမည့် ဘာသာအတွက်သာ လေ့လာကြိုးစားရပါမည်။ ဖြေဆိုပြီးခဲ့သည့် ဘာသာကို ပြန်ပြောင်းတွေးတော စဉ်းစားမနေသင့်ပါ။

ယခုဖော်ပြပါအချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ကြိုတင်ပြင်ဆင်သတိထားရမည့်အချက်များ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲကြီးကို အောင်မြင်စွာ ဖြေဆိုနိုင်ကြရန် ရေးသားလိုက်ရပါသည်။ ။

## ၂၀၂၆ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($S_{O2}$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄)နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နိုင်ငံနှင့်ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် ဌာန၏ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံနှင့်ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် ဌာန၏ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်းနှင့်ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မိမိတို့နိုင်ငံတွင် မကြာသေးမီက လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မဲစာရင်းမှန်ကန်စေရေးအတွက် အထောက်အကူပြုစေရန် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း၊ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်း၊ e-ID Server အတွင်းရှိ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ပြင်ဆင်ဖြည့်စွက် အတည်ပြုခြင်း စသည့်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိကာလများတွင် နိုင်ငံခြားသားများ ပြည်ဝင်ဗီဇာလွယ်ကူစေရေးနှင့် နိုင်ငံခြားသားကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အမည်မည်းစာရင်း (Black List) စနစ်တကျ စိစစ်ထိန်းသိမ်းဆောင်ရွက်ရေး၊ Online ငွေကြေးလိမ်လည်မှုတွင် ပတ်သက်ဆက်နွှယ်သဖြင့် ဖမ်းဆီးရမိနိုင်ငံခြားသားများ ပြစ်ဒဏ်ချမှတ်ထိန်းသိမ်းဆောင်ရွက်ရေးနှင့် ပြည်ပမှဖမ်းဆီးရမိ မြန်မာနိုင်ငံသားများ ပြန်လည်လွှဲပြောင်းလက်ခံနိုင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားလုပ်ငန်းအနေဖြင့် **ပြီးခဲ့သည့်ကာလများတွင် နိုင်ငံအတွင်း နေထိုင်လျက်ရှိကြသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများနှင့် အသက် (၁၀) နှစ်ပြည့်နှင့် ပျောက်ပျက်၊ လဲလှယ်မိတ္တူလျှောက်ထားသူများအပါအဝင် ပန်းခင်းစီမံချက်ဖြင့် စုစုပေါင်းလူဦးရေ ၁၁ သန်းကျော်ကို နိုင်ငံသားကတ်ပြား ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရေးအတွက် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းကာ မဲစာရင်းတွင် အခြေခံအသုံးပြုမည့် အတည်ပြုလူဦးရေစာရင်းကို ပြုစုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊** ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းခြင်းလုပ်ငန်းအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အခြေခံအသုံးပြုနိုင်မည့် သန်းခေါင်စာရင်းဆိုင်ရာ အစီရင်ခံစာများကိုလည်း ဆက်လက်ထုတ်ပြန်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ e-ID စနစ်ဖြင့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား Biographic နှင့် Biometric Data များ ကောက်ယူပြီး Unique ID နံပါတ်တစ်ခုစီပေးသည့်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေ (၁၃ သန်းကျော်) ကို UID နံပါတ်ထုတ်ပေးဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာန၏ အဓိကလုပ်ငန်းတာဝန်များသည် ပြည်သူကို အလုပ်အကျွေးပြု၊ ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ဆောင်မှုပေးရသည့်လုပ်ငန်းများဖြစ်ပြီး လက်ရှိတွင်လည်း ပြည်သူများအတွက် ထိရောက်သည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသကဲ့သို့မကြာမီဖြစ်ပေါ်လာမည့်အစိုးရသစ်လက်ထက်တွင် နိုင်ငံနှင့်ပြည်သူအတွက် ချက်ချင်းလက်ငင်းအကျိုးဖြစ်ထွန်းစေမည့် ဦးစားပေးလုပ်ငန်းများကိုလည်း စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်နိုင်ရန်အတွက် ယခုအစည်းအဝေးတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လက်ရှိလုပ်ငန်းစဉ်တစ်ခုချင်းအပေါ် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ တွေ့ကြုံနိုင်သည့် အခက်အခဲများအပေါ် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးတင်ပြကြရန်နှင့် လိုအပ်ချက်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ ဌာနနှင့်ပတ်သက်၍ ပြည်သူများ၏ လိုအပ်ချက်အပေါ် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများအပေါ် လက်ငင်းဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီး ဦးငွေးလှိုင်က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံနှင့် ပြည်သူအတွက် လက်ငင်းအကျိုးဖြစ်ထွန်းမည့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးအောင်မြင်ရေးအတွက် ဝန်ထမ်းအားလုံးစည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၅**

(၃၁) ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အောင်ပန်းမြို့ရှိ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင် ၇၀၀)၊ တပ်နယ်အားကစားခန်းမနှင့် ခတ်ရောင်ခြည်နှင့် ကင်ဆာကုသဆောင်၌ ဆက်လက် ကျင်းပပြုလုပ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ တပ်မတော် ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ ကျွမ်းကျင်သူ(အရာရှိ) များ၊ သူနာပြု/ ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးပညာရှင်များ၊ နိုင်ငံတကာ တပ်မတော်နှင့် အရပ်ဘက်မှ ဆေးပညာရှင်များ၊ အငြိမ်းစား အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



ယနေ့တွင် ဒုတိယနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပရာ Meet the Experts (MTE) တစ်ခု၊ Special Talk လေးခု၊ Clinical Session နှင့် Symposium များ အဖြစ် **"တပ်မတော်သားများ တိုက်ပွဲဝင် အသင့်ဖြစ်စေရန် အတွက် အဝလွန်ပြဿနာဖြေရှင်းရန် နည်းလမ်းများ"** ၊ **"စစ်မြေပြင် ထိခိုက်ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်ရာတွင် ဆောင်ရွက်မည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးလက်ထောက်များ၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍ"**၊ **"ဆေးပညာသင်ကြားရေးတွင် အရေးပါသည့် ဆရာများအတွက် အနာဂတ် စိန်ခေါ်မှုများနှင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ"** ၊ **"အာရုံကြော စနစ်သုံး စစ်ဆင်ရေးခေတ်သို့ ကူးပြောင်းရောက်ရှိလာခြင်း"**၊ **"သက်မဲ့အလှူရှင်ထံမှ အသည်းအစားထိုးကုသခြင်း"** စသည့် ခေါင်းစဉ်တို့အား ဆွေးနွေးခဲ့ကြသည်။

၎င်းအပြင် သုတေသနစာတမ်းများအဖြစ် သွားကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဆေးပညာ၊ ရေကြောင်းဆေးပညာ၊ လေကြောင်းဆေးပညာ၊ ခွဲစိတ်ကုပညာ၊ မေ့ဆေးပညာ၊ တိုင်းရင်းဆေးပညာ၊ ပြန်လည်သန်စွမ်းရေးဆေးပညာ၊ အရိုးအထူးကုပညာ၊ ခတ်မှန်ပညာ၊ ဇီဝကမ္မဗေဒ၊ စိတ်ကျန်းမာရေး၊ အလုပ်သင် ဆရာဝန်များ၏ သုတေသနစာတမ်းများ စသည့် ဘာသာရပ်ဆိုင်ရာ သုတေသန စာတမ်း စုစုပေါင်း ၃၉ စောင်တို့အား ပါဝင်ဖတ်ကြား တင်သွင်းကြသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ သုတေသီတို့က ရှင်းလင်းဖြေကြား ဆွေးနွေးကြပြီး ဒုတိယနေ့ အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နား၍ မတ် ၆ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲသို့ တပ်မတော်ဆေးရုံ/ ဆေးတပ်ရင်းတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ ကျွမ်းကျင်သူ (အရာရှိ) နှင့် သူနာပြု/ ကျွမ်းကျင်သူ စုစုပေါင်း ၄၃၂ ဦး တက်ရောက်ခဲ့ပြီး အွန်လိုင်းမှ စုစုပေါင်း ၂၁၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်ခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပဲခူး မတ် ၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပြည်မြို့ သရေခေတ္တရာပျူမြို့ဟောင်း၌ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဘောဘောကြီးစေတီတော် ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကွင်းဆင်းကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြစ်သောကြောင့် ဆွေးမြည့်အုတ်များ ဖယ်ရှားရာတွင် ရှေးဟောင်းပုံစံတူအုတ်ဖြင့် ပြန်လည်အစားထိုး ရန်၊ အက်ကွဲကြောင်းများအတွင်း Lime Grouting လောင်းခြင်းအပြင် စေတီတော်လုံးပတ်တော်၌ ပေါက်ရောက်လျက်ရှိသည့် ညောင်ပင်များကို ဓာတုဗေဒဆေးဖြင့် ပေါင်းသတ်ဖယ်ရှားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် မုဋ္ဌောကျေးရွာအုပ်စု၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရေလျှံတွင်းများ တူးဖော်ပေးခဲ့မှုကြောင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၁၅၀ ရွှေဖလားမျိုးကြက်သွန်နီသီးနှံ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ သုံးပန်လှအုတ်ကျောင်းတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံနေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ပြည်မြို့နယ် မော်ဇာကျေးရွာမှ ဦးနိုင်လင်းထွန်း၏ ဥစားဘဲကောင်ရေ ၆၃၀ မွေးမြူထားရှိမှုနှင့် ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်ရှိ ဦးငြိမ်းချမ်း၏ ဥစားဘဲကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ ရွှေတောင်မြို့ ဧရာဝတီမြစ်ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကြောင်းကောင်းမွန်စေရေး သဲအိတ်စီ Geo Mattress အုပ်ရေလွှဲကာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ရွှေတောင်မြို့ နွားမယံကျေးရွာ၌ ယခင်ရွှေတောင်-ဆင်တဲဆိပ်ကမ်းအဟောင်းအား ကုန်တင်ကုန်ချဆိပ်ကမ်းတစ်ခုအဖြစ် ပြန်လည်အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇီးကုန်းမြို့ မြို့မဈေးအတွင်း သားငါးဈေးရုံအသစ်တည်ဆောက်ပြီးစီးမှုနှင့် သာယာဝတီမြို့ ဆရာစံခန်းမ ပြင်ဆင်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများအား လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ဘားအံ မတ် ၅**

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ စက်မှုဇုန် ကြီးကြပ်မှုကော်မတီရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ဘားအံစက်မှုဇုန်တွင် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေး၊ ဒေသထွက်ကုန်ကြမ်းများကို အဆင့်မြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပသွင်းကုန် အစားထိုးကုန်ထုတ်လုပ်ငန်းများအဖြစ် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူးက ဘားအံစက်မှုဇုန်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဘားအံစက်မှုဇုန် လုပ်ငန်းရှင်များက ဇုန်ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် SKK ကာလာအမိုးပြားထုတ်လုပ်ရေးစက်ရုံ၊ ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ သစ်ပါးလွှာ စက်ရုံ၊ တည်ဆောက်ဆဲ Shine Htoo Co.,Ltd. ၏ လက်တွန်း လယ်ထွန်စက်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ အောင်သစ္စာ ဂျစ်ပ်ဆမ်ကျောက်မှုန့်မြေဩဇာထုတ်လုပ်သည့် စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိအားကစားရုံ၊ အားကစားကွင်းများတွင် အားကစားနှင့် ကာယပညာဦးစီးဌာနက ဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းများ စုပေါင်းသင်တန်းဆင်းပွဲသို့ တက်ရောက်သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုသင်ကြားပို့ချပေးခဲ့သည့် လေ့ကျင့်ခန်းများသည် အားကစားသမားအတွက် အခြေခံ လေ့ကျင့်မှုများဖြစ်၍ ပိုမိုကျွမ်းကျင်ပိုင်နိုင်ပြီး ထူးချွန်သော အားကစားသမားများဖြစ်လာအောင် ဆက်လက်လေ့ကျင့်သွားကြစေလိုကြောင်း၊ မိမိတို့၏ စိတ်အားထက်သန်ရာ ဝါသနာပါရာ အားကစားနည်းများတွင် ထူးချွန်ထက်မြက်သူများ၊ ပြည်နယ်နှင့် နိုင်ငံ့ဂုဏ်ဆောင်ပေးနိုင်သူများဖြစ်လာအောင် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ကို အခြေခံ၍ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးစား လေ့ကျင့်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ နွေရာသီအခြေခံ အားကစားသင်တန်းသို့ သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၃၇၅ ဦးတက်ရောက်ပြီး သင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ကရာတေး၊ ကြက်တောင်၊ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ခရစ်ကတ်၊ ရေကူး၊ ဘတ်စကက်ဘော၊ စားပွဲတင် တင်းနစ်၊ တင်းနစ်၊ ဖူဆယ်၊ စစ်တုရင် အားကစားနည်း ၁၅ နည်းကို ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၃ ရက်အထိ လက်ရွေးစင် အားကစားသမားဟောင်း နည်းပြများက အခြေခံ အားကစားပညာရပ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများက သက်ဆိုင်ရာအားကစားနည်းအလိုက် သင်တန်းဆင်းလက်မှတ်များ၊ ထူးချွန်သင်တန်းသား ဆုများ၊ သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကရာတေးအဖွဲ့၊ မြန်မာ့သိုင်းအဖွဲ့၊ အေရိုးဗစ်အဖွဲ့၊ ဂျူဒိုအဖွဲ့တို့က အခြေခံအားကစားပညာရပ်များကို လေ့ကျင့်သရုပ်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်က သရုပ်ပြဖျော်ဖြေခဲ့သည့် အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မတ် ၅**

၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့၊ မြန်မာစံတော်ချိန် ၂၀ နာရီ ၁၈ မိနစ် ၄၅ စက္ကန့် အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မတူပီမြို့၏ အရှေ့မြောက်ဘက် ၂၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၇၇ ဒီဂရီ၊ အနက် ၅၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# မိတ္ထီလာမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် နွေစပါး(ရေဆင်းပေါ်ဆန်း-၂) စိုက်ပျိုးခြင်းသရုပ်ပြ

**မိတ္ထီလာ မတ် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စပါးမျိုးစေ့ချကိရိယာ (Seeder) ဖြင့် နွေစပါး (ရေဆင်းပေါ်ဆန်း-၂) စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက မြာကျေးရွာအုပ်စု ရေဝေကျေးရွာရှိ ဦးပိုင်အမှတ် ၁၀၊ ကွင်းအမှတ် ၁၀၇၅ ရှိ တောင်သူ ဦးအောင်မောင်၏ စိုက်ဧက နှစ်ဧက၌ ကျင်းပသည်။

နွေစပါး(ရေဆင်းပေါ်ဆန်း-၂)စိုက်ပျိုးခြင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း ဒေသခံတောင်သူများ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်း ဆောင်ရွက်နိုင်စေရေး၊ လုပ်သားအင်အား ရှားပါးမှု ပြဿနာဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများကို စိုက်ပျိုးနိုင်ခြင်းနှင့် စပါးအထွက်နှုန်းကောင်းမွန်စေခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် စပါးမျိုးစေ့ချကိရိယာ(Seeder)ဖြင့် နွေစပါး (ရေဆင်းပေါ်ဆန်း-၂)ကို စိုက်ပျိုးရာ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက ကြည့်ရှုအားပေးသည်။ မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် နွေစပါးစိုက်ပျိုးဧက ၁၀၉၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။



**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ ကျောင်းတိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းလောင်းလှူ

**မုံရွာ မတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်နှစ်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းလောင်းလှူပွဲနှင့် သီလရှင်ကျောင်းတိုက်လေးတိုက်မှ သီလရှင်ဆရာကြီး/ဆရာလေးများအား ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း ကျင်းပသည်။



ဆွမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ MSME လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့လာရောက်လောင်းလှူကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုဝင်များ၊ မုံရွာမြို့ပေါ်ရှိမှ MSME လုပ်ငန်းရှင်များက ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူရန် ပြင်ဆင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ အလှူရှင်များက ပင့်သံဃာဆရာတော်၊ သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ အချိုပွဲများနှင့် ဝတ္ထုငွေများ လောင်းလှူကြပြီး သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်း၊ စားသုံးဆီနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည့် ၂၀၂၆-ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အကြို အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးက ကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် တက်ရောက်လာသူများနှင့်အတူ ၂၀၂၆-ခုနှစ် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ် Video Clip အား ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ပြခန်းအား လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**တောင်ကြီး မတ် ၅**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တက်ရောက်ပြီး အရှေ့မြောက်တိုင်း၊ အရှေ့အလယ်ပိုင်းတိုင်းနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာန စုစုပေါင်း ၆၈ ခုနှင့် ဖြေဆိုသူ စုစုပေါင်း ၁၃၉၀၂ ဦး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာစစ်ဌာန သုံးခုနှင့် ဖြေဆိုသူ စုစုပေါင်း ၃၇၃ ဦး ရှိကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွင် တက္ကသိုလ်စာစစ်ဌာန ၁၂ ခုနှင့် ဖြေဆိုသူ စုစုပေါင်း ၂၀၇၉ ဦး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာစစ်ဌာန နှစ်ခုနှင့် ဖြေဆိုသူ ၂၉ ဦးရှိကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင် တက္ကသိုလ်ဝင် စာစစ်ဌာန ရှစ်ခုနှင့် ဖြေဆိုသူစုစုပေါင်း ၁၇၇၇ ဦး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာစစ်ဌာန တစ်ခုနှင့် ဖြေဆိုသူ လေးဦးရှိသည်ကို တွေ့ရှိရကြောင်း၊ စာမေးပွဲဖြေဆိုနေစဉ် ကာလအတွင်း လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်နှင့် စာမေးပွဲဖြေဆိုပြီးကာလ၌ အဖြေလွှာများ ပို့ဆောင်ရာတွင် လုံခြုံမှုရှိစေရန် စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးနှင့် ကျောင်းသား ကျောင်းသူများ အားလုံး အောင်မြင်ချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် ပြောကြားသည်။



ထို့နောက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်ပညာရေးမှူးက တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးတို့က လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီမံဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အောင်ချက်ရာခိုင်နှုန်းမြင့်မားရေး၊ စာမေးပွဲဖြေဆိုရာတွင် မသမာမှုများမရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးက အဖြေလွှာများထားရှိမည့် အဆောက်အအုံများတွင် လျှပ်စစ်မီးကြိုးများကို စနစ်တကျ ရှိ၊ မရှိ စိစစ်ဆောင်ရွက်ရန်၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်မော်တော်ယာဉ်တစ်စီးနှင့် မီးသတ်ဆေးဘူးများ ထားရှိရန်ဆွေးနွေးပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်း လေ့ကျင့်ဆောင်ရွက်နေမှု အခြေအနေကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးနှင့် ဖြေဆိုသူရာနှုန်းပြည့်ဖြေဆိုနိုင်ရေး၊ အောင်ချက်မြင့်မားရေးအတွက် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးသွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရေဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ညောင်တုန်း မတ် ၅**

ရေဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်သည် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) တို့နှင့်အတူ မတ် ၃ ရက်က ညောင်တုန်းမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေး (ရုံးချုပ်)မှ တာဝန်ယူတည်ဆောက်သည့် သောင်တန်း-မောင်းစု ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မောင်းစုချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေးတို့ကို မှာကြားသည်။



အဆိုပါ သောင်တန်း-မောင်းစု ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မောင်းစုချောင်းတံတားသည် အရှည်ပေ ၁၄၀ ရှိ ဘေလီတံတား အမျိုးအစားဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(အထွေထွေ ပိုလျှံ) ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၅-၃-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | မြို့များ | ဒီဂရီဆဲလ်စီးယပ် |
|---|---|---|
| ၁။ | ချောက်မြို့ | ၃၈.၃ |
| ၂။ | ကော့ကရိတ်မြို့ | ၃၇.၉ |
| ၃။ | မင်းဘူးမြို့ | ၃၇.၆ |
| ၄။ | တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၇.၀ |
| ၅။ | ဆင်ဖြူကျွန်းမြို့ | ၃၆.၉ |
| ၆။ | မြင်းခြံမြို့ | ၃၆.၈ |
| ၇။ | ညောင်ဦးမြို့ | ၃၆.၈ |
| ၈။ | မြင်းမူမြို့ | ၃၆.၈ |
| ၉။ | စစ်ကိုင်းမြို့ | ၃၆.၇ |
| ၁၀။ | ဇောင်းတူမြို့ | ၃၆.၆ |

## စီတီစကန်ဖတ်ခြင်းဖြင့် ရင်သားကင်ဆာ အစောပိုင်းအဆင့်ကို မိနစ်ပိုင်းအတွင်း သိရှိနိုင်သော အေအိုင်အသုံးပြု အာရုံကြောကွန်ရက်စနစ်တစ်ခုကို ရုရှားသုတေသီများ တီထွင်



**စိန့်ပီတာစဘတ် မတ် ၅**

ရုရှားသုတေသီများသည် စီတီစကန်ဖတ်ခြင်းဖြင့် ရင်သားကင်ဆာ အစောပိုင်းအဆင့်ကို မိနစ်ပိုင်းအတွင်း သိရှိနိုင်သော အာရုံကြောကွန်ရက် စနစ်တစ်ခုကို တီထွင်ခဲ့သည်။ ယင်းစနစ်သည် အချိန်တစ်ရက်အထိ ကြာမြင့်နိုင်သော သမားရိုးကျနည်းလမ်းထက် သိသိသာသာ ပို၍ကောင်းမွန်မြန်ဆန်ကြောင်း ဒေသတွင်း မီဒီယာများက မတ် ၅ ရက်က ဖော်ပြခဲ့သည်။

စိန့်ပီတာစဘတ် လျှပ်စစ်နည်းပညာ တက္ကသိုလ်နှင့် အယ်လ်မဇော့ဗ် အမျိုးသားဆေးဘက်ဆိုင်ရာ သုတေသနစင်တာတို့ ဖန်တီးထုတ်လုပ်လိုက်သည့် အဆိုပါနည်းပညာသည် ဆေးဝါးကုသမှု လက်တွေ့အမှားဖြစ်နိုင်ချေကို ၂၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်မည်ဟု သုတေသီများက ပြောသည်။

ထိုသို့ ဆေးဘက်ဆိုင်ရာနည်းပညာတစ်ရပ် တွေ့ရှိခြင်းသည် လူ့အသက်ထောင်ပေါင်းများစွာကို ကူညီပေးနိုင်လိမ့်မည်ဟု တက္ကသိုလ်ကွန်ပျူတာနည်းပညာဌာနနှင့် သတင်းပညာဌာန အွန်ဂိုဒီတက်စ်အေအိုင် ပရောဂျက်အကြီးအကဲနှင့် မဟာတန်းကျောင်းသား ဒန်းနစ်စတီပါနန်ကိုက ပြောကြားလိုက်သည်။

ရုရှားနိုင်ငံတွင် ရင်သားကင်ဆာကြောင့် နှစ်စဉ် အမျိုးသမီး ၄၀၀၀ မှ ၇၀၀၀ အထိအသက်အန္တရာယ် ခြိမ်းခြောက်ခြင်း ခံနေရသည်။ အေအိုင်စနစ်သည် စီတီပုံရိပ်များကို အလိုအလျောက် လုပ်ဆောင်ပေးပြီး သမားတော်များ၏ နောက်ထပ်အကဲဖြတ်မှုအတွက် ဖြစ်နိုင်ခြေရှိသော ကင်ဆာလက္ခဏာများကို မီးမောင်းထိုးပြသည်။ **ဆင်ဟွာ**

## ဖေဖော်ဝါရီလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှု သိသိသာသာတိုးလာ

**ဖနောင်ပင် မတ် ၅**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၆ ခုနှစ် ပထမနှစ်လအတွင်း နိုင်ငံတကာဈေးကွက်သို့ ဆန်တန်ချိန် ၂၄၇၈၂၂ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ အဆိုပါ အရေအတွက်မှာ ယမန်နှစ် အလားတူကာလက ဆန်တန်ချိန် ၁၃၅၀၇၄ တန်ရှိရာမှ ၈၃ ရာခိုင်နှုန်း တိုးလာကြောင်း ကမ္ဘောဒီးယားဆန်စပါးအသင်းက မတ် ၅ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုမှ ဝင်ငွေ ဒေါ်လာ ၁၄၂ ဒသမ ၈ သန်းရရှိကြောင်း၊ အဆိုပါပမာဏသည် ယမန်နှစ် ဖေဖော်ဝါရီလက ဒေါ်လာ ၁၀၆ သန်းရှိရာမှ ၃၅ ရာခိုင်နှုန်း တိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။



ကမ္ဘောဒီးယားနိုင်ငံမှ ကုမ္ပဏီ ၅၅ ခုက ယခုနှစ် အဆိုပါကာလအတွင်း နိုင်ငံနှင့် ဒေသပေါင်း ၅၁ ခုသို့ ဆန်တင်ပို့ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ကုန်ပစ္စည်းထိပ်တန်းဝယ်ယူသူအဖြစ် ဆက်လက်တည်ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ ပြည်ပသို့ တင်ပို့သည့် ဆန်များမှာ ဆန်မွှေး ၅၉ ရာခိုင်နှုန်းနှင့် ဆန်ကွဲ ၂၇ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ၊ ဓာတ်ပုံ– khmer Times**



## အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ တရားမဝင်မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကဘူးလ် မတ် ၅**

အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်း ဟယ်မန်ပြည်နယ်၌ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်စဉ်အတွင်း မူးယစ်ဆေးဝါး မျိုးစုံ ၂ ဒသမ ၅ တန် ကျော်ကို တွေ့ရှိပြီး သိမ်းဆည်းရမိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မူလာ အီဇက် ဟတ်ခါနီက မတ် ၅ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ဆေးခြောက်၊ ဘိန်း၊ မူးယစ်ဆေး၊ အိုက်စ်နှင့် ဘိန်းဖြူထုတ်လုပ်ရာတွင် အသုံးပြုသည့် အခြားတရားမဝင်ပစ္စည်းများ အပါအဝင် တရားမဝင် ပို့ကုန်သွင်းကုန်များကို ဘာဟ်ရန်ချာခရိုင်မှ အများဆုံး တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ အစောပိုင်းက အလားတူ တရားမဝင်မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနောက်ပိုင်း နင်ရို့ဇ်ပြည်နယ်၌ မူးယစ်ဆေးဝါး လေးတန်ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ၊ ဓာတ်ပုံ–AZERTAC**

## အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာသို့ နှစ်လအတွင်း တရုတ်ခရီးသွား ၁၄၃၃၄ ဦး လာရောက်

**ဖနောင်ပင် မတ် ၅**

အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သည် ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တရုတ်ခရီးသွားဧည့်သည် စုစုပေါင်း ၁၄၃၃၄ ဦးကို ဆွဲဆောင်နိုင်ခဲ့ပြီး လွန်ခဲ့သောနှစ် အလားတူကာလထက် ၃၉ ရာခိုင်နှုန်း (၂၃၅၃၆ ဦး)ကျော် ကျဆင်းခဲ့ကြောင်း မတ် ၅ ရက်က ထုတ်ပြန်လိုက်သော အစီရင်ခံစာတစ်စောင်အရ သိရသည်။

ယူနက်စကိုစာရင်းဝင် ကမ္ဘာ့အမွေအနှစ် နေရာတစ်ခုဖြစ်သည့် အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်သို့ နိုင်ငံခြားသားခရီးသည် ရောက်ရှိမှုတွင် အမေရိကန်၊ ပြင်သစ်နှင့် ဗြိတိန်ပြီးလျှင် တရုတ်နိုင်ငံသည် စတုတ္ထအများဆုံးဖြစ်ကြောင်း နိုင်ငံပိုင် အန်ကောခရီးသွားလုပ်ငန်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဆီယမ်ရိအနောက်မြောက်ပိုင်းတွင် တည်ရှိသည့် ၄၀၁ စတုရန်းကီလိုမီတာရှိသော အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားသားခရီးသည်များ လာရောက်ရာ အကျော်ကြားဆုံးနေရာတစ်ခုဖြစ်ပြီး ကိုးရာစုမှ ၁၃ ရာစုအထိရှိသော ရှေးဟောင်းဘုရားပုထိုးစေတီ ၉၁ ဆူရှိသည်။ **ဆင်ဟွာ**

## အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုများကြောင့် ဂျပန်နိုင်ငံ၏ ပို့ကုန်လုပ်ငန်းများ ထိခိုက်

**တိုကျို မတ် ၅**

အရှေ့အလယ်ပိုင်းဒေသ မတည်ငြိမ်မှုများကြောင့် ဂျပန်နိုင်ငံ၏ အရှေ့အလယ်ပိုင်းဒေသသို့ ပို့ကုန်လုပ်ငန်းများ ထိခိုက်လာပြီဖြစ်သောကြောင့် ပို့ကုန်လုပ်ငန်းတွင် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိသည်။ ဂျပန်နိုင်ငံအလယ်ပိုင်းမှ ပလတ်စတစ်မော်ဒယ်ထုတ်လုပ်သူ တစ်ဦးသည် ပြီးခဲ့သည့် စက်တင်ဘာလမှစတင်၍ ဆော်ဒီအာရေဗျနိုင်ငံသို့ ပစ္စည်းများ တင်ပို့ခဲ့သည်။ ရောင်းဝယ်ဖောက်ကားမှုလမ်းကြောင်းများ ချဲ့ထွင်ရန် စီစဉ်နေသည့်အချိန်မှာပင် အရှေ့အလယ်ပိုင်းဒေသ အခြေအနေများ မတည်မငြိမ် ဖြစ်လာသည်။

အဆိုပါပစ္စည်းများ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ကုန်ကြမ်းမှာ ရေနံစိမ်းမှရရှိသည့်အတွက် ဈေးနှုန်းဆက်လက်တိုးမြင့်လာမှုကို ကုမ္ပဏီက စိုးရိမ်နေရသည်။ ပလတ်စတစ်ဈေးကြီးမြင့်သွားပါက မိမိတို့၏ အကျိုးအမြတ်များ ထိခိုက်လာမည်ဟု ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဟာဆဲဂါဝါ မာဆာတိုက ပြောသည်။

ဂျပန်လက်ဖက်ရည်ကုမ္ပဏီတစ်ခုကလည်း ၎င်းတို့၏ထုတ်ကုန်များကို ဒူဘိုင်းမြို့တွင် ရောင်းချလျက်ရှိသည်။ သို့သော်လည်း ဒေသတွင်း လေပိုင်နက်ပိတ်ဆို့ထားမှုကြောင့် ပြီးခဲ့သည့် သီတင်းပတ်ကတည်းက ဒူဘိုင်းမြို့သို့ ပို့ဆောင်မည့် ကုန်ပစ္စည်းများကို နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရပ်နားထားရသည်။ လာမည့်လတွင် လက်ဖက်ရည်အမျိုးအစားအသစ်များ ထွက်ရှိလာတော့မည်ဖြစ်ရာ ကုမ္ပဏီတွင်ပစ္စည်းများပုံနေခြင်းမှ ရှောင်ရှားရန်အတွက် အခြားသောနိုင်ငံများတွင် ဝယ်လက်များ ရှာဖွေနေရသည်။ **အင်န်အိတ်ချ်ကေ**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ သတ္တုတွင်းပြိုကျမှုကြောင့် ၂၀၀ ကျော် သေဆုံး

**ကင်ရှာဆာ မတ် ၅**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် သတ္တုတွင်းပြိုကျမှုကြောင့် ၂၀၀ ကျော် သေဆုံးခဲ့သည်ဟု အစိုးရက မတ် ၄ ရက်တွင် ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောက်ကီဗူးပြည်နယ်ရှိ ကိုလ်တန် အရင်းအမြစ်များ ကြွယ်ဝသည့် ရူဘာရာသတ္တုတွင်းတွင် ပြိုကျမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ကနဦးစာရင်းများအရ သေဆုံးသူ ၂၀၀ကျော်တွင် အရွယ်မရောက်သေးသူ ၇၀ ကျော် ပါဝင်သည်ဟု သိရသည်။ ရူဘာရာသတ္တုတွင်းသည် ၂၀၂၄ ခုနှစ်မှစတင်၍ အမ် ၂၃ လက်နက်ကိုင်အုပ်စု၏ ထိန်းချုပ်မှုအောက် ကျရောက်ခဲ့သည်။ ထို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် အခက်အခဲများအောက် ကျရောက်နေသည်ဟု ထုတ်ပြန်ချက်တွင် ပါဝင်သည်။

အဆိုပါ သတ္တုတွင်းဇုန်ကို နိုဝင်ဘာလမှစတင်၍ အနီရောင်ဇုန်အဖြစ် ပြန်လည်သတ်မှတ်ခဲ့ပြီး သတ္တုတူးဖော်ခြင်းနှင့် သတ္တုရောင်းဝယ်ဖောက်ကားခြင်းတို့ကို တားမြစ်ထားသည်ဟု ဝန်ကြီးဌာနက ပြောသည်။ ကာဆာဆာဟု လူသိများသည့် တောင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီး လူအများအပြား နစ်မြုပ်သွားခဲ့သည်ဟု ရူဘာရာ ဒေသခံတစ်ဦးဖြစ်သူ ဒေးဗစ်ကာဆီရီကာက မတ် ၃ ရက်တွင် ဆင်ဟွာသို့ ပြောသည်။

**ဆင်ဟွာ**



ရူဘာရာရှိ ကိုလ်တန်သတ္တုတွင်းလုပ်သားများကို ၂၀၂၅ ခုနှစ် မေ ၇ ရက်က တွေ့ရစဉ်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲပြုလုပ်



**နေပြည်တော် မတ် ၅**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက်တိုင်းမှူးက သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးတို့က လက်ခံရယူကြသည်။

အဆိုပါ သင်တန်းများကို သင်တန်းသား သင်တန်းသူ ၁၁၂ ဦးဖြင့် မတ် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရုရှားရေတပ်မှ စစ်ရေယာဉ်သုံးစင်း ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိ

**နေပြည်တော် မတ် ၅**

ရုရှားရေတပ်ပစိဖိတ် စစ်ရေယာဉ်စုမှ ကော်ဗက်စစ်ရေယာဉ်များဖြစ်သည့် Sovershenyi နှင့် Rezkiy ၊ အလတ်စား ဆီတင်သင်္ဘော Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**လေ့လာလည်ပတ်သွားမည်**

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain 1st Rank Andrei Gaevoi ဦးစီး၍ အရာရှိ၊ စစ်သည်စုစုပေါင်း ၃၅၀ တို့ လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် မတ် ၁၀ ရက်အထိ ၆ ရက်ကြာ နေထိုင်၍ လေ့လာလည်ပတ် သွားမည်ဖြစ်ကာ နှစ်နိုင်ငံ ချစ်ကြည်ရေး အားကစား ပြိုင်ပွဲများလည်း ပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




◆ *ကျောဖုံးမှ*

အက်စ်တွန်ဗီလာနှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် ချယ်ဆီးက ဂျာအိုပက်ဒရို၏ သွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဖူလ်ဟမ်နှင့် ဝက်စ်ဟမ်းအသင်း ပွဲစဉ်တွင် ဝက်စ်ဟမ်းက ဆမ်မာဗီလီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည် အဆိုပါနိုင်ပွဲကြောင့် တန်းဆင်းဇုန်မှ လွတ်မြောက်ရေး အခွင့်အရေးကောင်း ပိုင်ဆိုင်ခဲ့သည်။ နယူးကာဆယ်နှင့် မန်ယူအသင်းပွဲစဉ်တွင် တစ်ယောက်လျော့ နယူးကာဆယ်အသင်းက လူစားဝင် တိုက်စစ်ကစားသမားအိုဆူလာ၏ နောက်ကျသွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဂွါဒီယိုလာ၏ မန်စီးတီးနှင့် နော်တင်ဟမ်ဖောရက်စ်အသင်း ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

**အောင်ဇော်**

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၅**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ်၊ မတ် ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၄၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# မတ္တရာမြို့နယ်အတွင်းစိုက်ပျိုးထားရှိသည့် ဆောင်းဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိအချိန်တွင် ရိတ်သိမ်းလျက်ရှိ

**မတ္တရာ မတ် ၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း စိုက်ပျိုးထားရှိသည့် ဆောင်းဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး လက်ရှိတွင် ရိတ်သိမ်းလျက်ရှိသည်။

မတ္တရာမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်းစသည့် သီးနှံများ စုစုပေါင်း စိုက်ဧက ၂၃၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုရှိခဲ့ပြီး လက်ရှိအချိန်တွင် ရိတ်သိမ်းလျက်ရှိရာ ၂၅ ရာခိုင်နှုန်းသာ ရိတ်သိမ်းရန်ကျန်ရှိကြောင်း သိရသည်။

အဆိုပါမတ္တရာမြို့နယ်အတွင်း ဆောင်းဆီထွက်သီးနှံများဖြစ်သည့် မြေပဲစိုက်ဧက ၁၃၀၀၀ ကျော်၊ နှမ်းဧက ၉၀၀၀ ကျော်၊ နေကြာ ၁၀၀၅ ဧက၊ ပန်းနှမ်း ၁၀၅ ဧက၊ ဆီမုန်ညင်း ၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများအား နေကြာမျိုးကောင်းမျိုးသန့်များကို ဧက ၁၀၀ အခမဲ့ ထောက်ပံ့ပေးခဲ့ပြီး ဆောင်းသီးနှံအောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကြို့ပင်ကောက်မြို့၌ နွေရာသီ အခြေခံ အားကစားနည်းသင်တန်းများဖွင့်

**ကြို့ပင်ကောက် မတ် ၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်းများကို မြို့နယ်မီတာ ၄၀၀ အားကစားကွင်း၌ မတ် ၂ ရက်မှစတင်၍ သင်ကြားပေးလျက်ရှိရာ ကျောင်းသား ၄၂ ဦး၊ ကျောင်းသူ ၂၂ ဦးတို့အား ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ အမျိုးသမီးဘောလုံး စသည့်အားကစားနည်းများကို ကျွမ်းကျင်အားကစားသမားနည်းပြဆရာများဖြင့် အခြေခံအဆင့်မှစ၍ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့နှင့် ဂုဏ်ရောင်ထွန်းပြောင်သော အနာဂတ်ဆီသို့

**ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော အမျိုးသမီးထု၏ စွမ်းပကားသည် နိုင်ငံတစ်နိုင်ငံ၊ ကမ္ဘာတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်ပါသည်။ နှစ်စဉ် မတ်လ ၈ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့သည် အမျိုးသမီးများ၏ ရုန်းကန်လှုပ်ရှားမှု၊ အောင်မြင်မှုနှင့် တန်းတူညီမျှမှုအတွက် အလေးထားရမည့် နေ့ရက်တစ်ရက် ဖြစ်ပါသည်။**

လွှန်းပိုးအိမ်

### တန်းတူညီမျှမှုသည် လူ့အခွင့်အရေး

တန်းတူညီမျှမှုဆိုသည်မှာ အခွင့်အရေးပေးခြင်းထက် သဘာဝတရားက ပေးထားသော လူသားချင်းတန်ဖိုးကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ကျား၊ မ ခွဲခြားမှု မရှိသော ပတ်ဝန်းကျင်တွင်သာ လူသားစွမ်းအားစုအားလုံးကို အစွမ်းကုန် အသုံးချနိုင်မည် ဖြစ်ပါသည်။

### ပညာရေးဖြင့် စွမ်းဆောင်ရည် မြှင့်တင်ခြင်း

ပညာရေးသည် အမျိုးသမီးတစ်ဦး၏ လက်နက်ဖြစ်သလို သူ၏လုံခြုံမှုအတွက် ခိုင်မာသော အတောင်ပံလည်း ဖြစ်သည်။ အသိပညာ ဗဟုသုတကြွယ်ဝသော အမျိုးသမီးတစ်ဦးသည် မိမိကိုယ်မိမိ ယုံကြည်မှုရှိပြီး မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။

### စီးပွားရေးကဏ္ဍတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ

ကမ္ဘာ့စီးပွားရေး နှေးကွေးမှုများကို ကျော်လွှားရန်အတွက် အမျိုးသမီးများ၏ လုပ်သားအင်အားသည် အလွန်အရေးပါသည်။ လုပ်ငန်းရှင်များအဖြစ်လည်းကောင်း၊ ကျွမ်းကျင်လုပ်သားများအဖြစ်လည်းကောင်း အမျိုးသမီးများ ပါဝင်လာခြင်းက နိုင်ငံတော်၏ ချမ်းသာကြွယ်ဝမှုကို တိုက်ရိုက်အထောက်အကူ ပြုနိုင်ပါသည်။ သူတို့၏ တီထွင်ဖန်တီးမှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်များက နိုင်ငံတော်၏ စီးပွားရေးကို တိုးတက်စေသည့် အင်အားတစ်ရပ် ဖြစ်လာနိုင်ပါသည်။

### အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး

အမျိုးသမီးများ ဘေးကင်းလုံခြုံစွာ သွားလာနေထိုင်နိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြပါသည်။ အကြမ်းဖက်မှုကင်းစင်သော ပတ်ဝန်းကျင်တွင်သာ အမျိုးသမီးများ၏ တီထွင်ဖန်တီးနိုင်စွမ်းများ ပွင့်လန်းလာမည် ဖြစ်ပါသည်။

### ကျန်းမာရေးစောင့်ရှောက်မှုနှင့် မိခင်ဘဝ

မိခင်နှင့်ကလေး သေဆုံးမှုနှုန်းလျှော့ချရေးနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာများသည် အရေးကြီးသောကဏ္ဍများ ဖြစ်ပါသည်။ ကျန်းမာသော မိခင်တစ်ဦးရှိမှသာ ကျန်းမာသော သားသမီးများကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ ကျန်းမာရေးကို အလေးထားခြင်းသည် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များကို ရင်းနှီးမြှုပ်နှံခြင်းပင် ဖြစ်ပါသည်။

### နည်းပညာခေတ်နှင့် အမျိုးသမီးများ၏ ခြေလှမ်း

ယနေ့ခေတ် ကွန်ပျူတာနှင့် အင်တာနက်နည်းပညာနယ်ပယ်များတွင် အမျိုးသမီးများက ထူးချွန်စွာလုပ်ကိုင်နေကြပြီ ဖြစ်ပါသည်။ နည်းပညာသည် အမျိုးသမီးများအတွက် အိမ်တွင် နေရင်းပင် ဗဟုသုတရှာဖွေနိုင်သည့် အခွင့်အလမ်းများကို ပေးစွမ်းနိုင်ပါသည်။

### ကျေးလက်ဒေသ အမျိုးသမီးများ၏ အားမာန်

နေပူမရှောင်၊ မိုးရွာမရှောင် စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြသော အမျိုးသမီးများသည် နိုင်ငံ၏ စားရေရိက္ခာဖူလုံမှုအတွက် အဓိကကျသူများ ဖြစ်ပါသည်။ သူတို့၏ အလုပ်သမားအခွင့်အရေးနှင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးရန် အထူးလိုအပ်ပါသည်။

### ငြိမ်းချမ်းရေးကို ဖော်ဆောင်သည့် မိခင်စိတ်ဓာတ်

ပဋိပက္ခများကြားတွင် အမျိုးသမီးများ၏ သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုစွမ်းရည်သည် ငြိမ်းချမ်းရေးအတွက် အရေးပါသောသော့ချက် ဖြစ်ပါသည်။ မိခင်စိတ်ဓာတ်ဖြင့် အမုန်းတရားများကို ချေဖျက်နိုင်ကြပါသည်။

> ❑ **ပညာရေးသည် အမျိုးသမီးတစ်ဦး၏ လက်နက်ဖြစ်သလို သူ၏လုံခြုံမှုအတွက် ခိုင်မာသော အတောင်ပံလည်းဖြစ်သည်။ အသိပညာဗဟုသုတကြွယ်ဝသော အမျိုးသမီးတစ်ဦးသည် မိမိကိုယ်မိမိယုံကြည်မှုရှိပြီး မှန်ကန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်**
>
> ❑ **မိခင်နှင့်ကလေး သေဆုံးမှုနှုန်းလျှော့ချရေးနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာများသည် အရေးကြီးသောကဏ္ဍများ ဖြစ်ပါသည်။ ကျန်းမာသော မိခင်တစ်ဦးရှိမှသာ ကျန်းမာသော သားသမီးများကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏ ကျန်းမာရေးကို အလေးထားခြင်းသည် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များကို ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်**
>
> ❑ **မည်သည့်အလုပ်တွင်မဆို ကျား၊ မ ခွဲခြားမှုမရှိဘဲ အရည်အချင်းရှိသူကို နေရာပေးသည့်စနစ်ကို ဖော်ဆောင်ပေးရပါမည်။ တူညီသောအလုပ်အတွက်၊ တူညီသော လုပ်ခလစာရရှိခြင်းသည် မျှတသော လူမှုစနစ်ဖြစ်**

### ဥပဒေအရ အကာအကွယ်ပေးမှုများ

အမျိုးသမီးများအား ကာကွယ်ပေးသည့် တိကျခိုင်မာသော ဥပဒေယန္တရားများရှိနေခြင်းက လူ့အဖွဲ့အစည်း၏ တရားမျှတမှုကို ဖော်ဆောင်ပေးပါသည်။ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိခြင်းက အမျိုးသမီးများ၏ လူမှုဘဝကို မြှင့်တင်ပေးရာရောက်ပါသည်။

### ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍမှ စွမ်းပကား

အမျိုးသမီးများသည် နိုင်ငံတစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းပေးသူများ ဖြစ်ကြပါသည်။ အနုပညာနှင့် စာပေကဏ္ဍတွင် အမျိုးသမီးများ၏ ထူးခြားသော ရှုထောင့်များက လူသားတို့၏ စိတ်ဓာတ်ကို မြှင့်တင်ပေးလျက်ရှိပါသည်။

### ခေါင်းဆောင်မှုကဏ္ဍတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ

အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချသည့် နေရာများတွင် အမျိုးသမီးများ ပါဝင်လာခြင်းကြောင့် ပိုမိုနူးညံ့ပြီး လူသားဆန်သောမူဝါဒများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ အမျိုးသမီးခေါင်းဆောင်များသည် ပြဿနာများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်သည့် စွမ်းရည်ရှိကြပါသည်။

### သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးခြင်း

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရာတွင် အမျိုးသမီးများ၏ စုပေါင်းအားသည် အလွန်ပင်ထိရောက်ပါသည်။ အိမ်ထောင်စုအတွင်း အလေအလွင့်နည်းပါးအောင် စီမံခြင်းသည်ပင် ကမ္ဘာကြီးကို ကာကွယ်ခြင်း ဖြစ်ပါသည်။

### စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲခြင်း

ရှေးရိုးစွဲ အယူအဆများနှင့် အခက်အခဲများကို ကျော်ဖြတ်ကာ အောင်မြင်မှုရယူနေကြသော အမျိုးသမီးများသည် သူရဲကောင်းများ ဖြစ်ကြပါသည်။ သူတို့၏ ဖွဲလုံ့လသည် နောက်မျိုးဆက်များအတွက် လမ်းပြကြယ်များ ဖြစ်ပါသည်။

### အမျိုးသားများနှင့် လက်တွဲညီညီ ဆောင်ရွက်ခြင်း

အမျိုးသမီးအခွင့်အရေးသည် အမျိုးသားများကို ဖယ်ကြဉ်ခြင်းမဟုတ်ဘဲ အတူတကွ လက်တွဲရုန်းကန်ခြင်း ဖြစ်ပါသည်။ အပြန်အလှန် လေးစားမှုရှိသော လူ့အဖွဲ့အစည်းသည်သာ အမြန်ဆုံး တိုးတက် ပြောင်းလဲနိုင်ပါသည်။

### စံပြအမျိုးသမီးများ၏ လမ်းပြမှု

ထူးချွန်သော အမျိုးသမီးများ၏ အောင်မြင်မှုဇာတ်လမ်းများကို ဂုဏ်ပြုဖော်ပြခြင်းဖြင့် လူငယ်များ၏ ရည်မှန်းချက်များကို နှိုးဆွပေးရာရောက်ပါသည်။ စံပြပုဂ္ဂိုလ်များရှိခြင်းက တိုးတက်လိုစိတ်ကို ပိုမိုအားကောင်းစေပါသည်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများနှင့် ချိတ်ဆက်ကာ ဗဟုသုတနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လူနေမှုစံနှုန်းများကို ဖော်ဆောင်နိုင်ပါသည်။ တစ်ဦးချင်း၏ အားထက် အဖွဲ့အစည်း၏အားဖြင့် ပိုမိုထိရောက်သော ပြောင်းလဲမှုကို ဆောင်ရွက်နိုင်ပါသည်။

### ကမ္ဘာက အသိအမှတ်ပြုရသည့် အမျိုးသမီးတို့၏ စွမ်းအား

ကုလသမဂ္ဂက ၁၉၇၅ ခုနှစ်တွင် ဤနေ့ကို တရားဝင်သတ်မှတ်လိုက်ခြင်းသည် အမျိုးသမီးထု၏အသံကို တစ်ကမ္ဘာလုံးက လေးစားလိုက်နာရမည်ဖြစ်ကြောင်း အသိပေးလိုက်ခြင်း ဖြစ်ပါသည်။ ယင်းသည် တန်းတူညီမျှမှုအတွက် ကြီးမားသော အောင်ပွဲတစ်ခုလည်း ဖြစ်ပါသည်။

### နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်သူများ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရော အမျိုးသမီးပါ ဟန်ချက်ညီညီ ပါဝင်ရမည် ဖြစ်ပါသည်။ အမျိုးသမီးများသည် မိသားစုကိုသာမက နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများကိုပါ ပံ့ပိုးပေးနေသော အဓိက အင်အားစုများ ဖြစ်ကြပါသည်။

### စီးပွားရေးလောကမှ အမျိုးသမီးစွမ်းဆောင်ရှင်များ

ယနေ့ခေတ်တွင် အမျိုးသမီးများက ကိုယ်ပိုင်လုပ်ငန်းများကို အောင်မြင်စွာ ဦးဆောင်နေကြပြီ ဖြစ်ပါသည်။ သူတို့၏ တီထွင်ဖန်တီးမှုနှင့် စီမံခန့်ခွဲမှု စွမ်းရည်များသည် နိုင်ငံတော်၏စီးပွားရေးကို တိုးတက်စေသည့် အင်အားတစ်ရပ် ဖြစ်လာပါသည်။

### ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းသူများ

မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာများကို မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းပေးရာတွင် အမျိုးသမီးများသည် အဓိက တာဝန်ယူနေကြသူများ ဖြစ်ပါသည်။ သူတို့၏ လက်မှုပညာနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံ၏ ဂုဏ်ဒြပ် ဖြစ်ပါသည်။

### အားကစားကဏ္ဍတွင် နိုင်ငံ့ဂုဏ်ဆောင်ခြင်း

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးပြီး နိုင်ငံတော်အလံကို လွှင့်ထူပေးနေသော အမျိုးသမီးအားကစားသမားများက လူငယ်များအတွက် အတုယူဖွယ် စံနမူနာရှင်များ ဖြစ်ကြပါသည်။

### လုပ်ငန်းခွင်အတွင်း ခွဲခြားမှုမရှိဘဲ လက်တွဲလုပ်ကိုင်ခြင်း

မည်သည့်အလုပ်တွင်မဆို ကျား၊ မ ခွဲခြားမှုမရှိဘဲ အရည်အချင်းရှိသူကို နေရာပေးသည့်စနစ်ကို ဖော်ဆောင်ပေးရပါမည်။ တူညီသော အလုပ်အတွက်၊ တူညီသော လုပ်ခလစာရရှိခြင်းသည် မျှတသော လူမှုစနစ် ဖြစ်ပါသည်။

### အမျိုးသမီးတို့၏ စိတ်ဓာတ်ခိုင်မာမှုနှင့် ကြံ့ကြံ့ခံနိုင်ရည်

ဘဝ၏အခက်အခဲမျိုးစုံကို ပြုံးပြုံးလေးရင်ဆိုင်ကျော်ဖြတ်နိုင်သော အမျိုးသမီးတို့၏ စိတ်ဓာတ်သည် အံ့မခန်းဖွယ်ဖြစ်ပါသည်။ ထိုကြံ့ခိုင်သော စိတ်ဓာတ်သည် မိသားစုကို တည်ငြိမ်စေသည့် ကျောက်ဆောင်ကြီးသဖွယ် ဖြစ်ပါသည်။

### မျိုးဆက်သစ် အမျိုးသမီးငယ်များကို မြေတောင်မြှောက်ပေးခြင်း

ယနေ့ အမျိုးသမီးငယ်လေးများသည် နောင်တစ်ချိန်တွင် နိုင်ငံတော်ကို ဦးဆောင်မည့်သူများ ဖြစ်လာကြမည်ဖြစ်ပါသည်။ ၎င်းတို့အား ယုံကြည်မှုရှိစေရန်နှင့် အခွင့်အလမ်းများရရှိစေရန် လူကြီးများက လမ်းပြပေးခြင်းဖြင့် အောင်မြင်သူများ ဖြစ်လာနိုင်ပါသည်။

### မိသားစုနှင့် အလုပ်အကိုင်ကို ဟန်ချက်ညီညီ ထိန်းကျောင်းခြင်း

အိမ်မှုကိစ္စများကိုလည်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ရင်း အပြင်လုပ်ငန်းခွင်တွင်လည်း အောင်မြင်အောင် ကြိုးစားနေသည့် အမျိုးသမီးများကို အားပေးကူညီသည့်စနစ်များ (ဥပမာ- ကလေးထိန်းကျောင်းများ) ပိုမိုလိုအပ်မည်ဖြစ်ပါသည်။

အမျိုးသမီးများက ကမ္ဘာမြေကို လှပစေသော ပန်းကလေးများဖြစ်ရုံမျှမက ခေတ်သမိုင်းကို ပြောင်းလဲနိုင်သော စွမ်းအားရှင်များလည်း ဖြစ်ကြပါသည်။ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုခြင်းသည် အမျိုးသမီးများကို လေးစားခြင်းဖြစ်သလို လူသားမျိုးနွယ်တစ်ခုလုံး၏ တိုးတက်မှုကို အားပေးခြင်းလည်း ဖြစ်ပါသည်။ အမျိုးသား၊ အမျိုးသမီး အပြန်အလှန်လေးစားယုံကြည်မှုဖြင့် နိုင်ငံတော်ကို တည်ဆောက်ခြင်းသည်သာလျှင် အကောင်းဆုံးသော ဂုဏ်ပြုမှုဖြစ်ပါသည်။ အမျိုးသမီးများအားလုံး မိမိတို့၏တန်ဖိုးကိုသိရှိကာ ပိုမိုတောက်ပသော အနာဂတ်ဆီသို့ ရဲဝံ့စွာ လှမ်းချီနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

## ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်ဖွင့်လှစ်

**ကော့သောင်း မတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ တက်ရောက်သည်။

ဦးစွာ ရုံးသစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးနှင့် ကော့သောင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမှတ်တရသစ်ပင်များ စိုက်ပျိုးကြသည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာဖြင့် ပက်ဖျန်းကြပြီး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မင်္ဂလာဒုံမြို့နယ်၌ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲကို မတ် ၃ ရက်က လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရွှေယမင်းအောင်က အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ခိုင်က ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဖြစ်ပေါ်လာခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် အမျိုးသမီးများ အကြမ်းဖက်ခံရလျှင် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ၂၄ နာရီ Help line ဝန်ဆောင်မှုနံပါတ် - ၁၅၆၆ သို့ ဆက်သွယ်၍ တိုင်ကြားနိုင်သော အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**


## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကုက္ကနဒ္ဓဝံသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် မတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုက္ကနဒ္ဓဝံသ၊ သက်တော်(၉၀)နှစ်၊ သိက္ခာ (၆၉)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ (၄-၃-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့ ည ၁၀ နာရီ ၃၂ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

### နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ်(၂)ရပ်ကွက် မြစ်ကြည့်တိုက် ရုပ်စုံကျောင်း ဦးစီးပဓာနနာယက ဘဒ္ဒန္တကုက္ကနဒ္ဓဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ထောင့်ကြီးကျေးရွာ ခမည်းတော် ဦးသက်ရှည် + မယ်တော် ဒေါ်ရွှေမြိုင်တို့မှ ၁၂၉၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၈ ခုနှစ်တွင် ညောင်ဦးမြို့နယ် ထောင့်ကြီးကျေးရွာ ရွာဦးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ် နယုန်လဆန်း ၁၅ ရက်နေ့တွင် ညောင်ဦးမြို့ တောင်ရနောင်ကျေးရွာ ရွာဦးကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လကို ဥပဇ္ဈာယ်ပြုလျက် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေနံချပ်ကျေးရွာ ဦးမောင်ကွန်း၊ ဒေါ်ဖွားမြစ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ညောင်ဦးမြို့နယ် တောင်ရနောင်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လ၊ မြင်းခြံမြို့ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ် စာချဆရာတော်များ၊ မန္တလေးမြို့ ချမ်းသာကြီးမြောက်တိုက် စာချဆရာတော်များထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ စသော ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ညောင်ဦးမြို့နယ် ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀နှစ်၊ သိက္ခာ ၆၉ ဝါအရ ၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ (၄-၃-၂၀၂၆)ရက်၊ ဗုဒ္ဓဟူးနေ့၊ ည ၁၀ နာရီ ၃၂ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဆန်ဈေးနှုန်းမှန်ကန်တည်ငြိမ်စေရေးအတွက် အိမ်အရောက်ပို့ဆောင်စနစ်ဖြင့် ဆန်များရောင်းချပေးမည်

**ရန်ကုန် မတ် ၅**

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်ဈေးနှုန်း မှန်ကန်တည်ငြိမ်စေရေးအတွက် စားသုံးသူများထံသို့ အိမ်အရောက်ပို့ဆောင်စနစ်ဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။

၂၀၂၆ ခုနှစ် မတ်လအတွင်း ၁၀၈ ပေါင် ( ၂၄ ပြည်)ပါ ဆန်အိတ်များကို ရောင်းချလျက်ရှိရာ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ ဧရာဝတီပေါ်ဆန်း(ကြားပျံ)တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ဧရာဝတီပေါ်ဆန်း(နယ်စုံ)တစ်အိတ်လျှင် ကျပ် ၁၁၂၀၀၀၊ ရက် (၉၀) တစ်အိတ်လျှင် ကျပ် ၇၅၀၀၀ ၊ ညှော်မထ (၁၅) မှတ်တစ်အိတ်လျှင် ကျပ် ၅၆၀၀၀ ဖြစ်သည်။

စားသုံးသူများသည် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဖုန်း ၀၉၄၀၀၀၆၇၂၄၀၊ ၀၉၄၀၀၀၆၇၂၅၀ နှင့် ၀၉၄၀၀၀၆၇၂၆၀ တို့သို့ ဆက်သွယ်၍ မှာယူလိုသည့် ဆန်အမျိုးအစား၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို SMS သို့မဟုတ် Viber Message ပေးပို့မှာယူနိုင်သည်။

အသင်းချုပ်သို့ ငွေကြိုတင်ပေးသွင်းရမည့် KBZ Pay နံပါတ်ကို စားသုံးသူဝယ်ယူသူထံသို့ ချက်ချင်းပြန်ကြားပေးမည်ဖြစ်သည်။ ငွေပေးသွင်းသည့်နေ့မှစ၍ ရုံးဖွင့်ရက် ၃ ရက်အတွင်း ဆန်များကို Delivery ဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပြီး ပို့ဆောင်မည့်နေ့ရက်နှင့် အချိန်အား ကြိုတင်ဆက်သွယ် ပြန်ကြားပေးမည့်အပြင် အထပ်မြင့်သို့ ပို့ဆောင်ရပါက ထိုက်သင့်သည့် ဝန်ဆောင်ခ ထပ်မံပေးရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို မတ် ၄ ရက်က ကျိုင်းတုံအထွေထွေရောဂါကု ဆေးရုံကြီး၌ ဆောင်ရွက်စဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)




## ပန်းတောင်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

**ပန်းတောင်း မတ် ၅**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့မွန်းလွဲပိုင်းက ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့မဈေးရှေ့၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးရန်လင်းအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နှင့် တပ်ဖွဲ့ဝင်များက ဈေးအတွင်း လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ကားများဖြင့် မီးငြိမ်းသတ်ခြင်းများကို မီးသတ်တပ်ဖွဲ့ဝင်များက သရုပ်ပြသခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်အတွင်း စက်သုံးဆီအရောင်းဆိုင်များတွင် ဆီပြတ်လပ်မှုမရှိစေရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် မတ် ၅**

မော်လမြိုင်မြို့နယ်၌ စက်သုံးဆီ ဖြိုးဖြိုးခြေ့ချောတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ၏ညွှန်ကြားမှုဖြင့် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဝင်များသည် မတ် ၄ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်ငါးဆိုင်သို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်သည်။



ထိုသို့စစ်ဆေးရာတွင် စက်သုံးဆီများ စနစ်တကျ ဖြန့်ခွဲနေမှုများ၊ တရားမဝင်ရောင်းချမှု မရှိစေရေး၊ ဆီဆိုင်များမှ ခွင့်ပြုထုတ်ပေးသည့် စက်သုံးဆီအမျိုးအစားနှင့် ပမာဏများအတိုင်း အရောင်းဆိုင်သို့ အမှန်ရောက်ရှိခြင်း ရှိ/ မရှိ၊ ရည်ညွှန်း ဈေးနှုန်းများအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ဆောင်ရွက်ထားခြင်း ရှိ/ မရှိတို့ကို စစ်ဆေးမေးမြန်းခြင်း ဆောင်ရွက်ခဲ့ပြီး ပြည်သူများအား စက်သုံးဆီဝယ်ယူမှု အဆင်ပြေစေရေးအတွက် သတ်မှတ်ရက်များအတိုင်း မောင်းနှင် အသုံးပြုကြစေရေး၊ စက်သုံးဆီ လုပ်ငန်းရှင်များသာမက အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် ဈေးနှုန်းမြှင့်တင်၍ ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်တို့ကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## လင်းခေးမြို့နယ်၌ နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**လင်းခေး မတ် ၅**

မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်ဟူသည့် ရည်ရွယ်ချက်အားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်၌ ခရိုင်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနကကြီးမှူး၍ ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၃ ရက်က မြို့နယ်ပြည်ငြိမ်းအေး အားကစားကွင်းရှိ အားကစားလေ့ကျင့်ရေးခန်းမ၌ကျင်းပရာ သင်တန်းသား ကျောင်းသူများက အာရှမြန်မာအက၊ အေရိုးဗစ်အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ လင်းခေးမြို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ထွန်းလတ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ငွေသားဆုနှင့် ဖလားဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

သင်တန်းတွင် ဖူဆယ်၊ ဘောလုံး၊ မြန်မာ့သိုင်း၊ အေရိုးဗစ်၊ ကြက်တောင်ရိုက်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းအားကစားနည်းနှင့် ဂျူဒိုအားကစားနည်းသင်တန်းများပါဝင်ပြီး သင်တန်းအား ဖေဖော်ဝါရီ ၁၃ ရက်မှ မတ် ၃ ရက်အထိ သင်ကြားပို့ချပေးကာ သင်တန်းသား စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းဇော်လတ်(လင်းခေး)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် မတ် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ye Linn” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အောင်ညီသာကျေးရွာနေ ရဲလင်းဟန်အား ည ၁၁ နာရီတွင် ပြည်မြို့ အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ငဖဲမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စလင်းမြို့နယ် သီးကုန်းကျေးရွာ၌ တရားမဝင် လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၀၀၀)ကို လောင်းကစားဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၁၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နှင့် မတ် ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၈၆၀၀၀)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ရေဦးမြို့နယ် အောင်ချမ်းသာရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၁၅ ဒသမ ၅ ဂါလန်၊ ဒီဇယ်ဆီ ၁၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၃၀၀၀)ကို ရေနံနှင့် ရေနံထွက် ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၃၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် အုတ်တွင်းမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဝေါမြို့နယ်၊ တောင်ငူမြို့နယ်၊ ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၈၄ ဒသမ ၈၉၁ တန်၊ အခြားသစ် ၁၃ ဒသမ ၅၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၁၄၃၀၈)ကို လည်းကောင်း၊ ကျောက်တံခါးမြို့နယ် အတွင်း၌ တရားမဝင်မီးသွေး ပေါင် ၃၀ ဝင် ၁၃၇၉ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၅၉၅)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၈၄၃၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် မော်လမြိုင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းသုံးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၈ ရက်၊ မတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၁၃၂၉၀၃)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ယင်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကျင်းပ

**ကျောက်ဆည် မတ် ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)၌ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဘက်စုံသုံးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမျိုးသူက အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး WLConstruction Co.,Ltd. မှ အင်ဂျင်နီယာ ဦးဝင်းလွင်၊ Myanmar United Power Co.,Ltd. မှ Chief Executive Engineer ဦးအောင်ကျော်လင်း၊ ကျင်းလုံမြန်မာကုမ္ပဏီလီမိတက်မှ BDM Manager ဦးထွန်းထွန်းလင်း၊ မြန်မာသံတော်မြတ် ကုမ္ပဏီလီမိတက်၊ ကြံ့နှစ်ကောင်ဘိလပ်မြေစက်ရုံမှ ဒုတိယမန်နေဂျာ HR ဦးနေမျိုးဆန်းလှိုင်နှင့် မြန်မာနက်ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးစိုးမင်းထွန်းတို့က အလုပ်အကိုင် အခွင့်အလမ်းများဆိုင်ရာ အကြောင်းအရာများကို ဟောပြောကြသည်။

ဟောပြောပွဲ အပြီးတွင် ကျောင်းသား ကျောင်းသူများက သက်ဆိုင်ရာမေဂျာများအလိုက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး မေးမြန်းဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စလင်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အခြေခံအင်္ဂလိပ်စာသင်တန်းဖွင့်

**စလင်း မတ် ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီမှ ကြီးမှူး၍ အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းကို ယမန်နေ့မှစတင်ကာ ဖွင့်လှစ်ပို့ချသင်ကြားသည်။




ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များက သင်ကြားမှုအထောက်အကူပြု ပစ္စည်းများကို ဝေငှသည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၀၀ လေ့ကျင့်သင်ယူလျက်ရှိရာ သင်တန်းကို မတ် ၃ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

# မော်လမြိုင်မြို့၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်

**မော်လမြိုင် မတ် ၅**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချတတ်စေရန် ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်းကို မတ် ၅ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဖိုလ်ဖိုလ်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်သင်ကြားပေးရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်ရှိရာ ပန်းပညာရှင်များ အစည်းအရုံးမှ ပန်းချီဆရာဦးထွန်းဝင်းက ယခုသင်ကြားပေးသည့် သင်တန်းကို တက်ရောက်ကြသော သင်တန်းသား သင်တန်းသူများအနေဖြင့် အခြေခံမှစတင်၍ အလွယ်တကူ တတ်မြောက်သွားအောင် သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများကလည်း ကြိုးကြိုးစားစားနှင့် တတ်မြောက်အောင်သင်ကြားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းနှင့်အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား အချိုရည်များပေးအပ်သည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဖွင့်လှစ်သည့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကို သင်တန်းသားသင်တန်းသူ ၃၅ ဦးအား မတ် ၅ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# မိုးနဲမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်း ဆင်းပွဲကျင်းပ

**မိုးနဲ မတ် ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များတွင် ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် နွေရာသီအခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်ရာ သင်တန်းဆင်းပွဲကို ယနေ့ညနေပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်းနေရာ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပိုက်ကျော်ခြင်းနှင့် အေရိုးဗစ်/ Fitnessdance စသည့် သင်တန်းများငါးမျိုးကို သင်တန်းနည်းပြများက တစ်လကြာသင်ကြားပေးခဲ့ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မင်းကုန်း(ရတနာဈေး)ကို မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၁ ရက်က အဆိုပါဈေးအတွင်းရှိ ဆိုင်ခန်းများကို မီးဘေးအန္တရာယ်အသိပညာပေး ကွင်းဆင်းဆောင်ရွက်စဉ်။ အိရွှေစင်လတ်(လှည်းကူး)




ရွှေကျင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် မတ် ၅ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်လတ်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးကျော်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးမိုးကျော်သူနှင့် ဝန်ထမ်းများပူးပေါင်းကာ ဈေးသူဈေးသားများအား လက်တွေ့သရုပ်ပြသစဉ်။ ထွန်းထွန်းဇော်(ပြန်/ဆက်)



နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှဖွင့်လှစ်သည့် အရန်မီးသတ်တပ်ဖွဲ့ဝင် လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က အဆိုပါဦးစီးဌာန၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဟိန်းအောင်ကျော်တို့က သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ တင်စိုးလွင်(ပြန်/ဆက်)



ချောင်းဆုံမြို့နယ်ရှိ ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရေး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လျှပ်စစ်ပိုင်းဆိုင်ရာ ကျွမ်းကျင် အင်ဂျင်နီယာဝန်ထမ်းများက တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ချောင်းဆုံ(အထက)ကျောင်းစာစစ်ဌာန၌ မတ် ၅ ရက်က မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးစဉ်။ ကိုကျော်(ချောင်းဆုံ)

# လယ်ဝေးမြို့နယ်၌ နွေရာသီ သင်တန်းများဖွင့်

**လယ်ဝေး မတ် ၅**

နွေရာသီ သင်တန်းများ (အခမဲ့) ဖြစ်သည့် အခြေခံဂျူဒိုသင်တန်း၊ အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်း၊ ယဉ်ကျေးလိမ္မာ သင်တန်းနှင့် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လယ်ဝေးမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ လယ်ဝေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က သင်တန်းများဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းအောင်က သင်တန်းအတွက် အလှူငွေများ ပေးအပ်သည်။



အခြေခံဂျူဒိုသင်တန်း၊ အခြေခံပန်းချီ သင်တန်းနှင့် ယဉ်ကျေးလိမ္မာသင်တန်း များကို မတ် ၁ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းကို မတ် ၁၅ ရက်မှ ၃၁ ရက်အထိလည်းကောင်း သင်ကြားပို့ချပေးမည်ဖြစ်သည်။

မြို့နယ် (ပြန်/ဆက်)




## စိတ်ကြိုက်ကွန်ပျူတာပန်းချီပြိုင်ပွဲ ဆုချီးမြှင့်

**မုံရွာ မတ် ၅**

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နွေရာသီအခြေခံ စိတ်ကြိုက် ကွန်ပျူတာပန်းချီ သင်တန်းကိုဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စိတ်ကြိုက် ကွန်ပျူတာပန်းချီ ပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲကို အဆိုပါရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စိတ်ကြိုက် ကွန်ပျူတာပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ နှင့် အထူးဆုရရှိသူ နှစ်ဦးအား ဂုဏ်ပြုဆုငွေများနှင့် အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ခရိုင်(ပြန်/ဆက်)



### ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၆**

ဦးကျော်ဇင်ထွန်း နှင့် ဦးမွတ္တား
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာမြို့သစ်၊ ၅၆ x ၅၇ လမ်းကြား၊ ၁၀၃ x ၁၀၄ လမ်းကြားနေ ဦးညီလေး၏ သားဖြစ်သူ ဦးမွတ္တား (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်ဇင်ထွန်း က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဖ-၆)၊ ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ (၀ ဒသမ ၀၃၀၉) ဧက အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၆ ခုနှစ်၊ မတ်လ ( ၂၅ ) ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ ( ၄ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( လှမျိုးလွင် )
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၅)၊ မြေကွက်အမှတ် (၆၀)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်အောင်စိန်နု (၁၂/အစန (နိုင်) ၁၁၈၇၅၄) (AH-၁၂၂၇၆၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်စိုင် (၁၂/သခန (နိုင်) ၁၀၁၈၁၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးစောပိုင်စိုးသူ (၃/ဘအန (နိုင်) ၂၂၅၄၄၅)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

**အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ကဝ)ကျောင်း Grade-11 မှ (ဘ)ဦးလှမျိုး ၁၂/ခရန(နိုင်) ၀၈၀၁၀၉ ၏သမီး မဝင့်သင်္ဂီအောင်၏ အမည်မှန်မှာ မလမင်းကြယ်ဖြစ်ပါကြောင်း။ **မလမင်းကြယ်**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီရပ်ကွက်နေ (ဘ) ဦးသန်းထွန်းဝင်း၏သား မောင်ဇင်ဗိုလ်ဗိုလ်ထွန်းဝင်း (ခ) မောင်ဇင်ဗိုလ်ဗိုလ်ထွန်း ၇/လပတ(နိုင်)၁၅၀၂၉၆ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။ **မောင်ဇင်ဗိုလ်ဗိုလ်ထွန်းဝင်း (ခ) မောင်ဇင်ဗိုလ်ဗိုလ်ထွန်း**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7E/6919 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA – II/ကွက်ပြင် – ၂)၊ ဦးပိုင်အမှတ်(၁၀၂ – ဓ)၊ မြေဧရိယာ (၀.၄၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ညွန့်ညွန့် (၁၄/ပသန(နိုင်) ၀၀၉၄၇၂) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ တိုက်အမှတ် (၆၁) ၊ ဒုတိယထပ် ၊ အခန်းအမှတ်(၂၂) ၊ အကျယ်အဝန်း (၁၆ ပေ X ၅၅ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနေထိုင်ခွင့်စာရင်းတွင် ဦးနိုင်မင်းဦး (KME-၂၅၉၅၉၄) အမည်ပေါက်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်မင်းမင်းထွေး (၁၂/ဥကမ(နိုင်)၁၅၅၅၀၁) သည် အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူ၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၃)**
**အမှတ် (၁၉၇) ၊ အညာစုလမ်း ၊ (၉)ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ် ၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၆၁၆၁၈၂၁၁**

### “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့မလမ်းနှင့်(၃)လမ်းထောင့်၊ တိုက်အမှတ်(၂၆၇)၊ အခန်းအမှတ်-(တတိယထပ်)(၄-လွှာ/ခြေရင်းခန်း/လက်ဝဲဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်တိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရွှေစင်အိ (၁၂/ဒပန(နိုင်)၀၄၄၂၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သင်းသင်းဆွေ (၁၄/ဟသတ(နိုင်)၂၂၁၈၀၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** **ဒေါ်ခင်စောသိန်း (LL.B) (စဉ်-၁၃၂၈၆)** **ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၄၄၃၀၂၆၁၉၉၊ ၀၉ -၇၃၀၂၆၁၉၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/2417 ယာဉ်လက်ဝယ်ရှိသူ ဦးဇုံးဘောမ် ၁/မကန(နိုင်)၀၁၉၇၆၇ က မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/03432, HONDA WAVE 100 M/C ယာဉ်လက်ဝယ်ရှိသူဦးမင်းနိုင် ၇/နတလ(နိုင်)၀၉၈၂၇၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/၄၇)၊ စက်မှုလမ်း၊ မြေကွက်အိမ်အမှတ် (၄၀၁) ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (၄၀x၆၀) ပေရှိ ပါမစ်မြေကွက်ကြီး၊ အနက်မှ ပေ(၂၀x၆၀) ပါမစ်မူရင်း(ခေါင်းရင်းခြမ်း)မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သီသီဖြူ(၅/အရတ(နိုင်)၀၅၆၁၅၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အဆိုပါ အိမ်မြေတန်ဖိုး တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထား ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူ မဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းလင်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၇၄၃)**
**အမှတ် (၁၀၄၈)၊ ဒူးယား(၈)လမ်း၊ (၄၉) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၃၁၆၈၅၄၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၀/တိုးချဲ့ ၊ ပတ္တမြားလမ်း၊ မြေကွက်အမှတ် (၇၆/က) ဟု ခေါ်တွင်သော အကျယ်အဝန်း (၁၆၇၅) စတုရန်းပေ (၀ဒသမ၀၃၈၅) ဧကရှိ နှစ် (၆၀) မြေငှားဂရန် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နီလာအောင် ၉/မမန(နိုင်)၀၇၆၆၇၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိလာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမြင့်အောင် စဉ်-၂၅၁၆၅** **ဦးအေးမင်းသူ စဉ်-၂၆၀၉၉**
**အထက်တန်းရှေ့နေများ**
**အမှတ် – ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့၊**
**ဖုန်း – ၀၉၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈

ဦးစိုးသူရထွန်း နှင့် ဦးတင်အောင်မြင့်
တရားလို တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဖဗ-၅)၊ ၄၉ လမ်း နှင့် ၅၀ လမ်းကြား၊ ၁၁၂ ၊ လမ်း နှင့် ၁၁၃ လမ်းကြား၊ ထွန်တုံးရပ်ကွက်နေ ဦးဘစက်၏သားဖြစ်သူ ဦးတင်အောင်မြင့် (MGN-၀၃၃၆၁၁) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးစိုးသူရထွန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်အမှတ် (၃၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ (၀ ဒသမ ၀၂၇၅) အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၆ ခုနှစ်၊ မတ်လ (၂၀) ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၃)ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

အောင်လံမြို့နယ်၊ ကြက်ရုံးကြီးကျေးရွာနေ (ဘ)ဦးမြင့်စိုး ၏သမီး မနန်းမွန် ၈/အလန(နိုင်)၂၂၆၅၂၆ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၉၅၅၉၇၂

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၂-၂၀၂၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ-၂၈ တွင် ပါဝင်သော တရားလွှတ်တော်ရှေ့နေ ဒေါ်အေးမြတ်မိုး၏ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း ခေါင်းစည်းကြော်ငြာတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)အစား ဒဂုံမြို့သစ်(တောင်)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးပြည်သိန်း၏သား မောင်ပြည့်ဖြိုးအောင် (၁၂/ဥကမ(နိုင်)၁၉၆၁၄၉) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၈၆၈၂၁၈၅၅

## တစ်ဦးတည်းဖြစ်ကြောင်း

မင်းဘူးမြို့၊ အမှတ်(၄) ဝေဠုဝန်ရပ်ကွက်နေ ဦးငွေမောင် ၏သမီး ဒေါ်မြမြဉ္စူ (ခ) ဒေါ်မြမြင့်ဉ္စူ (ခ) ဒေါ်မြမဉ္စူ ၈/မဘန(နိုင်) ၁၀၃၂၃၇မှာ အမည်(၃)မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြမြဉ္စူ(ခ)ဒေါ်မြမြင့်ဉ္စူ(ခ)**
**ဒေါ်မြမဉ္စူ**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄)၊ ညောင်နီကျေးရွာ၊ ကွင်း/အကွက်အမှတ် (၆၆၆-ခ/ပြင်)၊ ဦးပိုင်အမှတ်(၃/၄)၊ အကွက်အမှတ်(ဇ)ဟုခေါ်သော မြေဧရိယာ(၀.၁၃)ဧက ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်လျက်ရှိသော RC နှစ်ထပ် အဆောက်အအုံအပါအဝင် ၎င်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမြတ်ဦးမှ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း) များဖြင့် ယနေ့မှစ၍(၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်ဇာကျော် ( LL.B ) (စဉ်-၁၅၉၉၉) (တရားလွှတ်တော်ရှေ့နေ)**
**ရပ်ကွက်ကြီး (၁၄)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၄၂၂၂၀၁၀၀၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၁၉-ဋ္ဌ/ဇောင်ချမ်းကုန်း၊ ဦးပိုင်အမှတ်၊ ၃၀၊၃၁၊၃၂၊၃၃၊၃၄၊၃၅၊၃၆၊ မြေကွက်အမှတ်၊ ၃၀၊၃၁၊၃၂၊၃၃၊၃၄၊၃၅၊၃၆၊ ဧရိယာ (၀ဒသမ၆၁၀)ဧကရှိ မြေကွက်သည် ဦးစောနိုင်၊ ဒေါ်တင်တင်ရီ အမည်ဖြင့် ၂၅-၁၁-၁၉၉၇ ရက်မှ ၂၄-၁၁-၂၀၂၇ ရက်အထိ နှစ်(၃၀) ဂရန်ရရှိထားပါသည်။ အဆိုပါမြေငှားဂရန်ရရှိထားသော မြေဧရိယာ (၀ဒသမ၆၁၀) ကေအနက်မှ (၀ဒသမ၀၅၃) ကေကို ဦးကြည်မောင်မှလည်းကောင်း၊ (၀ဒသမ၂၇၃) ကေကို ဒေါ်ခင်မိုးသူမှလည်းကောင်း၊ (၀ဒသမ၁၁၅) ကေကို ဒေါ်သူဇာထိုက် မှလည်းကောင်း၊ (၀ဒသမ၀၆၄) ကေကို ဦးညီညီမောင်မှလည်းကောင်း၊ (၀ဒသမ၀၂၈) ကေကို ဦးသိန်းနိုင်ဦးမှလည်းကောင်း၊ (၀ဒသမ၀၆၄) ကေကို ဒေါ်ဖြိုးမမသန်း မှလည်းကောင်း ၂၄-၁၂-၂၀၂၅ ရက်တွင် ဦးစောနိုင်ပါ(၂)ဦး၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစိုးမိုးလှိုင်ထံမှ ဦးကြည်မောင်ပါ(၆)ဦးတို့က စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ အဆိုပါ မြေနေရာများအား ဦးကြည်မောင်၊ ၁၃/တကန(နိုင်)၀၂၀၆၁၃၆ ပါ(၆)ဦးတို့မှ မြေငှားဂရန် ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၊ အကွက်အမှတ် (၃၆)၊ သုံးပင်ကွင်းရပ်၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ (၀.၀၅၁) ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့် -

အရှေ့လားသော်- အလယ်လမ်း
အနောက်လားသော်-ဦးပိုင်အမှတ် (၄၂)
တောင်လားသော်-ဦးပိုင်အမှတ် (၄၂)
မြောက်လားသော်-ဦးပိုင်အမှတ် (၄၃) တို့ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်ခင်သန်းနွယ်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ သီရိမြိုင်(၇)လမ်း၊ တိုက်အမှတ် ၃၁၏ (၁၂ပေခွဲ x ပေ၅၀) ၅လွှာ ခြေရင်းခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း အပေါင်အနှံအရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးရဲညီညီလင်းထွဋ် (၁၂/လမန(နိုင်)၁၄၈၉၈၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လင်းလင်းခိုင် (၉/အမဇ(နိုင်)၀၆၂၉၁၂)က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရီရီတင်(LL.B) အထက်တန်းရှေ့နေ(စဉ် ၃၀၉၈၇)**
**အမှတ် ၁၄၊ ပညာလမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၄၄၀၃၁၃၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ )၊လူနေရပ်ကွက် အမှတ် (၃/မာန်ပြေ )၊မြေကွက်အမှတ် (၃၂၅/က)၊ အရပ်အခေါ် အမှတ် (၃၂၅/က)၊ မာန်ပြေ ၈ လမ်း (အရှေ့)၊ ၃/မာန်ပြေ ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ပြမြေစီမံခန့်ခွဲရေးဌာနတွင် ဦးတင်ဝင်း (၁၂/သကတ(နိုင်)၀၄၅၄၈၁) အမည်ပေါက်လျက်ရှိသော အကျယ် ပေ (၂၀ x ၆၀)အကျယ်ရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားပေါ်တွင် မြေရှင်နှင့်ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူညီမှုဖြင့် တရားဝင်ဆောက်လုပ်ထားသော တစ်ခန်းတွဲ (၆ထပ်)တိုက်မှ ပဉ္စမထပ် (၅လွှာ)အား ယခုရောင်းချသူဖြစ်သည့် ဒေါ်တင်လဲ့လဲ့ဝေ (ဘ) ဦးတင်လှ (၉/ပဥလ(နိုင်)၀၄၁၈၂၃) သည် မိမိမှ အဆိုပါအခန်းအား အဆက်ဆက်စာချုပ်များဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားကြောင်း၊ အခြားသူများသို့ ထပ်ဆင့်ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံထားခြင်း စသည့်မည်သည့် အရှုပ်အထွေးမျှမရှိကြောင်း ဝန်ခံပြောဆိုပြီး အဆိုပါတိုက်ခန်းအားရောင်းချလိုကြောင်း၊ ကမ်းလှမ်းပြောဆိုလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း (၁၂/တမန(နိုင်)၁၀၆၉၉၅) မှ ကျေနပ်လက်ခံသဘောတူသဖြင့် ရောင်းဖိုးငွေအနက်မှ စရန်ငွေ ပေးချေပြီးဖြစ်ပါသောကြောင့် ယခုအရောင်းအဝယ်ပြုသည့်တိုက်ခန်းနှင့် ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသည့် မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှန်းလဲ့ဇော် (LL.B; D.B.L; D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် _၁၀၆၈၄ )**
**အမှတ် (၃၇၉)၊ ဓမ္မာရုံလမ်း ၊(၁၃)ရပ်ကွက်၊ရန်ကင်းမြို့နယ် ၊ရန်ကုန်မြို့၊**
**ဖုန်း -၀၉-၉၅၅၆၄၁၄၄၉၊ ၀၉-၄၄၉၄၆၄၅၉၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၁၀၁၃)ရှိ ဒုတပ်ကြပ်အေးထွန်း (၁၂/ဒဂန(နိုင်)၀၀၇၉၂၄) အမည်ပေါက် အကျယ်အဝန်း ပေ(၄၀X၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဦးရဲဝင်းလှိုင်(၁၂/ဒဂတ(နိုင်)၁၁၆၆၅၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးခိုင်(၉/တသန(နိုင်)၁၀၃၁၀၆)က အပြီးအပိုင် တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀) ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများကိုကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးခိုင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, W.I.P.O Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)**
**အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၇၆၄၄၀, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆိုင်ရွက် ၁၃/ကတန(နိုင်)၀၂၀၀၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**
**ကျိုင်းတုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/80201 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးမြင့် ၆/တသရ(နိုင်)၀၅၉၀၀၂ က ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(မြစ်ကြီးနား)**

## အများသိစေရန် အသိပေးကြေညာခြင်း

ဦးထွန်းဝင်းအောင် (၁၃/ကလန(နိုင်)၀၆၂၂၈၁)နှင့် ဒေါ်ခင်အေး(၁၃/ညရန(နိုင်)၁၆၄၆၃၉)တို့ လက်ရှိထားပိုင်ဆိုင်သည့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့၊ လွယ်အုံကျေးရွာအုပ်စု၊ မြင်းကကျေးရွာတွင်တည်ရှိသော အရှေ့လားသော်-ရွာလမ်းမကြီးနှင့်အစပ်၊ အနောက်လားသော်-မထက်ထက်ခြံနှင့်အစပ်၊ တောင်လားသော်-ဦးသန်းအောင်နေအိမ်နှင့်အစပ်၊ မြောက်လားသော် မထက်ထက်ခြံနှင့်အစပ်ကြားရှိ အရှေ့အနောက် (၁၂၅' x ၁၂၅')ပေ၊ တောင်မြောက်(၇၈' x ၇၈')ပေရှိ RC တစ်ထပ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသက်အောင်(၁၀/မဒန(နိုင်)၁၆၅၄၀၈)ထံ အသိသက်သေလူကြီးများရှေ့ လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်သောကြောင့် ဤရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ နှောင့်ယှက်ခြင်း၊ ဝင်ရောက်တားဆီးခြင်း၊ ကန့်ကွက်ခြင်းများပြုလုပ်လာပါက မည်သူမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပန်းအဥ္ဇလီကျော် (LL.B) အထက်တန်းရှေ့နေ(စဉ် -၅၄၃၀၈)**
**အမှတ်-၃၃၊ကံသာရပ်၊ညောင်ရွှေမြို့၊**
**ဖုန်း - ၀၉-၂၅၉၁၂၁၁၇၇၊ ၀၉-၇၇၆၇၅၄၄၂၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/5922 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးခိုင် ၁၂/သကတ(နိုင်)၁၇၁၂၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၃၈၅)၊ ဧရိယာ (၀ဒသမ ၀၉၉)ဧကရှိ နှစ် (၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်မြင့်မြင့်သန်း ၉/ပမန(နိုင်)၀၁၅၆၇၄ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဆွေဇင်အေး(ဘ)ဦးမြင့်သိန်း ၉/ပမန (နိုင်)၂၀၂၆၈၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေငြာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ဒေါ်မြင့်မြင့်စန်း(ခေါ်) ဒေါ်ရှမ်းမ ၁၃/ကလန(နိုင်)၁၀၄၇၂၂ သည် မိသားစုဝင်များ၏ အမည်များကို အသုံးပြု၍ အကြိမ်ကြိမ်ငွေချေးငှားခြင်း၊ မိသားစုပိုင်ပစ္စည်းများကို ခွင့်ပြုချက်မတောင်းဘဲ အကြိမ်ကြိမ်ပေါင်နှံရောင်းချခြင်း၊ မိသားစုဝင်များမှ အကြိမ်ကြိမ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသော်လည်း မိသားစုဝင်များ၏ ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ဆက်လက်၍ အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် မိသားစုဝင်များမှာ စိတ်ဆင်းရဲစိတ်ထိခိုက်မှုများဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် နောက်နောင် ၎င်းနှင့်ဆက်နွယ်သည့်အရှုပ်အရှင်းကိစ္စများအား မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်တော့ကြောင်းနှင့် မိသားစုဝင်များနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန္ဒာဇော် (၁၂/မဂဒ(နိုင်)၁၄၅၇၄၀)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်ဇော် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၇၉)**
**အမှတ် ၂၁/ခ၊ ခေမာလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၃၃၁၉၅၊ ၀၉-၉၇၅၆၉၄၁၅၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

